# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၉၈)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၇ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက် တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဦးပေါင်လွှန်းမင်ထန် | ၄/တဇန(နိုင်)၀၀၂၄၀၄ | အမှတ်( ၁ ) | ဇိုမီးအမျိုးသားပါတီ |
| ( ၂ ) | ဦးထလာထန်း | ၄/ထတလ(နိုင်)၀၂၀၉၈၁ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)** | | | | |
| ( ၃ ) | ဦးကျင့်တုန်းမန် | ၅/တမန(နိုင်)၀၀၀၅၄၄ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးကီးပိုင်း | ၄/ကပလ(နိုင်)၀၀၀၀၂၆ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

*စာမျက်နှာ ၄ ကော်လံ ၁* ❑

## ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ဇန်နဝါရီ ပထမပတ်၌ ဘုရားဖူးပြည်သူ ၅၈၀၀၀ ကျော် လာရောက်ဖူးမြော်



**ကျိုက်ထို ဇန်နဝါရီ ၅**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို သီတင်းကျွတ်လပြည့်နေ့မှစ၍ ကျင်းပခဲ့ရာ အများပြည်သူအလုပ်ပိတ်ရက်များဖြစ်သည့် ဇန်နဝါရီ ပထမပတ် နှစ်သစ်ကူးပိတ်ရက်များနှင့် လွတ်လပ်ရေးနေ့တို့တွင် ပြည်တွင်း၊ ပြည်ပမှ ဘုရားလာရောက်ဖူးမြော်ကြသူ ၅၈၀၀၀ ကျော် ရှိကြောင်း သိရသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပြီး *စာမျက်နှာ ၁၂ ကော်လံ ၁* ❖

### အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက်အထောက်အကူပြုစေရန် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တွင် ဖော်ပြထားပါသည်။


**ယနေ့ ဖတ်စရာ**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ — ပြည်တွင်းသတင်း — စာ ၄

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်း တစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ — ပြည်တွင်းသတင်း — စာ ၆

သမိုင်းဝင်ရွေးကောက်ပွဲများအပြီး မြန်မာနိုင်ငံက တောက်ပသော အနာဂတ်ကို အဘယ်ကြောင့် မျှော်လင့်နိုင်သနည်း — ဆောင်းပါး — စာ ၁၀

# ထာဝရသစ္စာ စောင့်သိရိုသေ

မြန်မာနိုင်ငံကို နယ်ချဲ့တို့ အပြီးအပိုင်သိမ်းခဲ့သည့် အချိန်အခါကို စာပေတို့က မြန်မာ့ဦးစွန်းအနောက်သို့ ယွန်းချိန်ဟု ဖွဲ့ဆိုမှတ်တမ်းတင်သည်။ နယ်ချဲ့တို့က မြန်မာဘုရင်နှင့် မိဖုရားကို ကြက်ကလေး၊ ငှက်ကလေးဖမ်းသလို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်ဟုလည်း ရေးသားခဲ့ကြသည်။ နိုင်ငံ၏ အထွတ်အထိပ် ရေမြေ့ရှင် ဘုရင်တစ်ပါးကို ဤမျှ အလွယ်တကူ ဖမ်းယူနိုင်ခဲ့ခြင်းမှာ မြန်မာတို့ စည်းလုံးညီညွတ်မှုပျက်ပြားနေခြင်းနှင့် ယင်းအခြေအနေကို နန်းတော်အတွင်းစည်းအထိ ရောက်ရှိနေသည့် သူလျှိုဒလန်များမှတစ်ဆင့် နယ်ချဲ့တို့က သတင်းများ အဆက်မပြတ်ရရှိနေခဲ့ခြင်းတို့ကလည်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိမှုပျက်ပြားကာ နယ်ချဲ့ကို ခယဝပ်တွားခဲ့ကြသည့် မြန်မာလူမျိုးအချို့တို့ကိုပါ မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ရသည့် မျိုးချစ်စာဆိုတော်ကြီး အချုပ်တန်းဆရာဖေက "မြန်မာတွေ စည်းကမ်းဖောက်၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မှီးကွန်းထောက် အသစ်မှီတယ်၊ ညစ်ပလီလူမျိုး၊ မိပစ်လို့ ဖရှောင်သွေသည်၊ ငှ ကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး။" ဟူ၍ စိတ်နာနာနှင့် စပ်ဆိုသည်။ အချင်းချင်းတွင် မိုက်ဂုဏ်ပြနေသူတို့က နယ်ချဲ့သမားတို့ လာသည်ကို မြင်သည်နှင့် ပြေးကြပုန်းရှောင်ကြသည်။ ပုလိပ်ဆာဂျင် အဆင့်မျှကိုပင်လျှင် ဒူးထောက်ခစားကာ ခွေးတစ်ကောင်ပမာ ပလူးကြ၊ ပြေးကြိုကြနှင့်မို့ တွေးမိတိုင်း အရိုးထဲထိအောင်နာပြီး ကိုယ့်အမျိုးကိုပါ ဆဲချင်သည်ဟုလည်း ရေးဖွဲ့ခဲ့သည်။ အချုပ်တန်းဆရာဖေက ၎င်းတွေ့ကြုံရသည့် အသိုင်းအဝိုင်းမှ စည်းကမ်းဖောက်ဖျက် သစ္စာမဲ့သည့် မြန်မာများကို ရှုတ်ချရေးသားစပ်ဆိုခဲ့ခြင်းဖြစ်သော်လည်း မျိုးချစ်မြန်မာတို့က မြန်မာနိုင်ငံ တစ်နံတစ်လျားတွင် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြရာ ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သည်။

မြန်မာနိုင်ငံကို အပြီးတိုင်သိမ်းပိုက်နိုင်ရန်နှင့် ယင်းသို့ သိမ်းပိုက်ခြင်းသည် တရားမျှတသည်ဟု ကမ္ဘာက ရှုမြင်စေရန်အတွက် နယ်ချဲ့လက်အောက်ခံမီဒီယာများဖြစ်သော ထိုခေတ် သတင်းစာများက မြန်မာဘုရင်၏ ဆိုးသွမ်းမှု၊ ရက်စက်ကြမ်းကြုတ်မှု စသည်တို့ကို မဟုတ်မမှန် ရေးသားဝါဒဖြန့်ခဲ့ကြသည်။ မြန်မာတို့၏ အားနည်းချက်မှာ ပြောင်းလဲလာသည့် ကမ္ဘာကို ကမ္ဘာကြည့် ကြည့်မြင်နိုင်မှုမရှိခြင်း၊ နိုင်ငံကို ကာကွယ်နိုင်ရန် လုံလောက်သည့် ကာကွယ်ရေးစွမ်းအားကို တည်ဆောက်မှု မရှိခဲ့ခြင်း၊ အချင်းချင်း စည်းလုံးညီညွတ်မှု အားနည်းလျော့ရဲနေခြင်း၊ နယ်ချဲ့တို့၏ ပရိယာယ်ကို နားမလည်ခဲ့ခြင်း စသည်ဖြင့် သင်ခန်းစာယူဖွယ်တို့ အများအပြားရှိနေသည်။

လတ်တလော ကမ္ဘာ့ရေးရာကို ကြည့်လျှင်လည်း အားကြီးသူက အားနည်းသူကို အနိုင်ကျင့်ဗိုလ်ကျမှုတို့ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ ၁၉ရာစုအတွင်းက မြန်မာနိုင်ငံကို နယ်ချဲ့တို့ အလွယ်တကူ ဝင်ရောက်သိမ်းပိုက်ခဲ့သလို၊ ဘုရင်နှင့် မိဖုရားကို ကြက်ကလေး၊ ငှက်ကလေးဖမ်းသလို ဖမ်းဆီးခဲ့ပုံမျိုးပင် ပြည်တွင်းမှ သစ္စာဖောက်ကို ငွေပေး၍မွေးမြူပြီး နိုင်ငံအတွင်း အလွယ်တကူ ကျူးကျော်ဝင်ရောက်နိုင်ခဲ့သည်ကိုလည်း သင်ခန်းစာအဖြစ် ရှုမြင်နိုင်သည်။ ပြည်တွင်းလောက်ကောင်တို့၏ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာမဲ့မှုက နိုင်ငံ သူတစ်ပါးလက်အောက် ကျရောက်ရခြင်းနှင့် မိမိတို့ပိုင် သဘာဝသယံဇာတများကို သူတစ်ပါးက ဝင်ရောက်ခြယ်လှယ် အမြတ်ထုတ်ခံရခြင်းတို့နှင့် ရင်ဆိုင်ရမည့်အခြေအနေသို့ ကျရောက်ဖွယ် ရှိနေသည်။

တရုတ်နိုင်ငံရှိ မဟာတံတိုင်းကြီးမှာ လူတို့ပြုလုပ်သည့် အံ့သြဖွယ်ရာများအနက် တစ်ခုအပါအဝင်အဖြစ် ကမ္ဘာကျော်သည်။ ပြင်ပမှရန်သူတို့ကို ကာကွယ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရာစုနှစ်ပေါင်းများစွာကြာအောင် တည်ဆောက်ခဲ့ရသည့် မဟာတံတိုင်းကြီးမှာ လက်တွေ့တွင် ရန်သူ၏ အကြိမ်ကြိမ် ကျူးကျော်မှုကို ခံခဲ့ရသည်။ ယင်းသို့ ကျူးကျော်ခံခဲ့ရခြင်း၏ အဓိကအကြောင်းရင်းမှာ အတွင်းလူကဖွင့်ပေးခြင်းနှင့် အချို့နေရာများတွင် တံတိုင်း၏ အားနည်းချက် ရှိနေခြင်းတို့ကြောင့် ဖြစ်သည်ဟု မှတ်သားရဖူးသည်။ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာဖောက်ကြသူတို့ရရှိကြသည်မှာ ၎င်းတို့ တစ်ကိုယ်စာအခွင့်အရေး အနည်းငယ်မျှသာဖြစ်သည်။ ဤမျှသော အခွင့်အရေးအတွက် လောဘရမ္မက် ကြီးစွာဖြင့် နိုင်ငံကို ရောင်းစားလိုသူတို့မှာမူ ခေတ်တိုင်းတွင် ရှိနေကြသည်ကို သတိမူကြရန်လိုသည်။

နိုင်ငံတစ်နိုင်ငံ၏ အဓိကအင်အားသည် စည်းလုံးညီညွတ်မှုပင်ဖြစ်ရာ နိုင်ငံသူနိုင်ငံသားတို့၏ ရေပက်မဝင် စည်းလုံးညီညွတ်သော အင်အားဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်၍ ရန်အသွယ်သွယ်မှ ကာကွယ်စောင့်ရှောက်ကာ နိုင်ငံအပေါ် ထာဝရသစ္စာစောင့်သိကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဝင်းမြင့် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

## မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၅ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယ သုံးကျမ်းအောင် ၁၁၄၇ ပါး၊ အစိုးရဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် အထူးအောင် ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် အင်္ဂါနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

သတင်းစဉ်

## ၅ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၆၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆ - ၁ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၀ | ၂၄၉၀ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | ၄၅၀၅ | ၂၇၄၅ | ၂၄၆၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၀ |
| 95 Ron | ၂၄၄၀ | ၂၅၅၅ | ၂၅၂၀ | ၂၄၅၅ | ၂၅၆၀ | ၂၅၇၅ | ၂၅၉၀ | ၂၅၁၀ | ၄၅၆၀ | ၂၈၀၅ | ၂၅၃၀ | ၂၆၄၀ | ၂၆၀၀ | ၂၅၆၅ | ၂၅၈၅ | ၂၈၄၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၂၅၀ | ၂၂၁၅ | ၂၁၅၀ | ၂၂၅၅ | ၂၂၇၀ | ၂၂၉၀ | ၂၂၁၀ | - | ၂၅၀၀ | ၂၂၂၅ | ၂၃၈၅ | ၂၂၈၅ | ၂၂၆၀ | ၂၂၈၅ | ၂၅၄၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၆၉၀ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | ၄၈၃၀ | ၂၈၄၅ | ၂၆၆၅ | ၂၇၉၅ | ၂၇၄၀ | ၂၇၀၀ | ၂၇၂၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၅၀၀ | ၂၆၉၀ | ၂၆၆၀ | ၂၅၉၅ | ၂၇၀၀ | ၂၇၁၅ | ၂၇၃၀ | ၂၆၅၀ | - | ၂၈၄၅ | ၂၆၆၅ | ၂၇၉၅ | ၂၇၄၀ | ၂၇၀၀ | ၂၇၂၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၂၆ | ၂၃၀၄ |
| 95 Ron | ၂၂၈၅ | ၂၃၆၅ |
| HSD (500 ppm) | ၁၉၉၃ | ၂၀၆၂ |
| HSD (50 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (10 ppm) | ၂၄၁၉ | ၂၄၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းတော်ဝင်အစိုးရနှင့် ထိုင်းပြည်သူများ၏ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးတမ်းများ တူညီသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ဘုံအကျိုးစီးပွားတို့သာမက ခိုင်မာအားကောင်းသည့် ပြည်သူအချင်းချင်း ဆက်ဆံရေးတို့ဖြင့် တည်ဆောက်ထားသည့် ကာလရှည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထူထောင်ထားရှိကြပါသည်။

အခွင့်အခါကြုံခိုက် မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်မြှင့်တင်နိုင်ရေး မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ မယိမ်းယိုင်သည့် သန္နိဋ္ဌာန်အား ထပ်လောင်းအတည်ပြုလိုပါသည်။ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအခွန့်ရှည်တည်တံ့မှုကို ဦးတည်လုပ်ဆောင်နေသည့်လမ်းကြောင်းအား ထောက်ခံအားပေးရန် အမြဲအသင့်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယာက ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်အနေဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနှင့် ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့အကြား ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသည့် ယဉ်ကျေးမှုတန်ဖိုးထားခြင်းများအား အခြေခံသည့် ကာလရှည်ကြာစွာ တည်တံ့လျက်ရှိသော ခင်မင်ရင်းနှီးမှုသည် လိုအပ်သည့်အချိန်များ၌ နှစ်နိုင်ငံအကြား စုစည်းညီညွတ်မှုစိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် ပိုမိုခိုင်မာလာခဲ့ပါသည်။

နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးများသည် ဆက်လက်တိုးတက်လာပြီး နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့် ပညာရေး၊ အဆင့်မြင့်ပညာနှင့် သက်မွေးပညာဝန်ကြီး ဒေါက်တာ ဟာရီနီ အမာရာဆူရီယာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အဆက် တည်ရှိခဲ့သော ဆက်ဆံရေးတို့အပေါ် အခြေခံထားသည့် နှစ်ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုတို့သည် နောင်နှစ်ပေါင်းများစွာတွင် ပိုမိုနက်ရှိုင်းခိုင်မြဲလာပြီး နှစ်နိုင်ငံပြည်သူများအတွက် နှစ်ဖက်အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများ အားလုံးထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန် လေးစားမှု၊ အကျိုးစီးပွားနှင့် ယဉ်ကျေးမှုချင်း နီးနွယ်ဆက်စပ်သည့် ခိုင်မာသော အုတ်မြစ်များဖြင့် ကာလရှည် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တည်ထောင်ခဲ့ကြပါသည်။ မိမိတို့ နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် နီးကပ်စွာဆက်နွယ်လျက်ရှိပြီး ပြည်သူအချင်းချင်း ရင်းနှီးသော ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကမဏ္ဍိုင်များ ဖြစ်ကြပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်တို့ဖြင့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာအားကောင်းလာမည်ဟု အခိုင်အမာယုံကြည်လျက် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းပြီး ငြိမ်းချမ်းရေး၊ တိုးတက်သာယာဝပြောရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခု မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုတိုးတက်အောင် ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ဆန္ဒပြုအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံခြားရေး၊ ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး မစ္စတာ ဗီဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုတို့အပေါ် အခြေခံ၍ ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော သမိုင်းအစဉ်အလာရှိသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ယင်းသို့သော ဆက်နွယ်မှုများသည် မိမိတို့ နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးအတွက် ခိုင်မာသောအုတ်မြစ် ဖြစ်လာပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သစ်များ၌ ပိုမိုကျယ်ပြန့်စွာ တိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်မိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချွဲဆုန်းဟီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် မျှော်လင့်ပါသည်။

❑ *ရှေ့ဖုံးမှ*

| | | | | |
|---|---|---|---|---|
| ( ၅ ) | ဦးအောင်မင်းနိုင် | ၆/ထဝန(နိုင်)၀၀၄၃၀၀ | အမှတ်( ၉ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) | ဦးဇော်လွန်းအောင် | ၁၁/မပန(နိုင်)၀၅၉၁၇၃ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၇ ) | ဒေါ်ကျိန်ငိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | အမှတ်(၁၁) | ဇိုမီးအမျိုးသားပါတီ |
| ( ၈ ) | ဦးနန်ခင်းဇမ် | ၄/တဇန(နိုင်)၀၀၁၂၅၆ | အမှတ်(၁၂) | ဇိုမီးအမျိုးသားပါတီ |

**ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| ( ၉ ) | ဦးမင်းမင်းထွန်း | ၁၁/မအန(နိုင်)၀၄၄၁၆၆ | အမှတ်( ၁ ) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၀) | ဦးမြလင်း | ၁၁/ကဖန(နိုင်)၀၀၆၅၁၀ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသန်းထွန်း | ၁၁/မတန(နိုင်)၀၀၀၇၁၃ | အမှတ်( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

**ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| | | | | |
|---|---|---|---|---|
| (၁၂) | ဦးကျော်စိန် | ၁၁/ပဏတ(နိုင်)၀၀၃၆၅၃ | အမှတ်( ၇ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကျော်စိန်လှ | ၁၁/စတန(နိုင်)၀၄၇၇၅၂ | အမှတ်( ၈ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်မြမြသက် | ၁၁/စတန(နိုင်)၀၃၃၀၆၆ | အမှတ်( ၉ ) | ရခိုင့်ဦးဆောင်ပါတီ |

**ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)**

| | | | | |
|---|---|---|---|---|
| (၁၅) | ဒေါက်တာခိုင်ခိုင်ဆု | ၁၂/ပဘတ(နိုင်)၀၃၁၅၃၄ | အမှတ်(၁၀) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၆) | ဦးဇော်ဇော်မြင့် | ၃/ဘအန(နိုင်)၀၇၃၁၀၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးအောင်သိန်းငွေ | ၁၁/ရဗန(နိုင်)၀၄၇၃၅၃ | အမှတ်(၁၂) | ရခိုင်တိုင်းရင်းသားများပါတီ |

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၅ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာ ချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးပေါင်ဇလန်း | ၁၃/ရစန(နိုင်)၀၀၃၃၀၅ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ဇိုမီးအမျိုးသားပါတီ |
| (၂) | ဒေါက်တာ ဝုန်ဆွန်းထန် | ၁၂/ပဇတ(နိုင်)၀၁၈၉၂၇ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၃) | ဦးကောလ် လျန်ထန်း | ၄/ဖလန(နိုင်)၀၀၄၁၉၄ | ပလက်ဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးဆန်အုပ်မန်း | ၄/ထတလ(နိုင်)၀၂၇၀၄၂ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးသန့်စင်ဦး | ၉/ပမန(နိုင်)၁၈၆၇၆၇ | မတူပီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးတင်ကာကျင် | ၄/မတပ(နိုင်)၀၀၀၁၇၁ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်ကျော်ငွေ | ၁၂/ရပသ(နိုင်)၀၅၁၄၄၁ | ထန်တလန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးထန်ရှင်းထောင်း | ၄/တတန(နိုင်)၀၅၁၄၂၅ | မင်းတပ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၉) | ဦးဇမ်းရှင်းဒါလ်း | ၄/တတန(နိုင်)၀၀၀၆၅၅ | တွန်းဇံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၁၀) | ဦးဒါးလ်လမ်းမုန် | ၅/ကလထ(နိုင်)၂၈၅၉၆၃ | ကန်ပက်လက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဇိုမီးအမျိုးသားပါတီ |
| (၁၁) | ဦးဝမ်းလျန်းထန် | ၉/မရမ(နိုင်)၀၀၈၀၉၂ | ဖလမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ချင်းပြည်သစ်ကွန်ဂရက်ပါတီ |
| **ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးကျော်ဆွေလင်း | ၁၁/ကဖန(နိုင်)၀၄၂၆၄၃ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးနိုင်ဦး | ၁၂/သကတ(နိုင်)၁၂၁၁၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းဝင်း | ၁၁/မအန(နိုင်)၀၂၁၄၇၉ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရခိုင့်ဦးဆောင်ပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၅) | ဒေါက်တာစန်းရွှေ | ၁၁/စတန(နိုင်)၀၁၄၉၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးကျော်စိုး | ၁၁/စတန(နိုင်)၀၃၁၁၉၅ | မြောက်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမြင့်စိုးဝင်း | ၁၁/ပဏတ(နိုင်)၀၅၂၈၁၂ | ကျောက်တော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးသာထွန်း | ၁၁/မပတ(နိုင်)၀၁၉၆၀၄ | ပေါက်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးထင်လင်းဦး | ၁၁/ကဖန(နိုင်)၀၃၇၃၇၆ | မြေပုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးစောသိန်းထွန်း | ၁၁/စတန(နိုင်)၀၆၂၄၀၇ | မင်းပြားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးတင်မောင်ဝင်း | ၁၂/သခန(နိုင်)၁၀၀၈၃၄ | ဘူးသီးတောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၂) | ဦးအေးသာအောင် | ၁၁/ပတန(နိုင်)၀၃၈၅၄၇ | ပုဏ္ဏားကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၃) | ဦးဘစံ | ၁၁/စတန(နိုင်)၀၅၀၅၆၈ | ရသေ့တောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| (၂၄) | ဦးအောင်ကျော်ဇော | ၁၁/ဘသတ(နိုင်)၀၁၂၅၂၆ | မောင်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )** | | | | |
| (၂၅) | ဒေါ်ခိုင်ဇင်ဦး | ၇/ပမန(နိုင်)၀၀၅၇၁၄ | ရမ်းဗြဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

*စာမျက်နှာ ၅ သို့*

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးကောလိပ်(Judicial College)၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား/ သင်တန်းသူ ၅၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၅ ရက်မှ ဧပြီ ၃ ရက်အထိ ရက်သတ္တ ၁၃ ပတ်ကြာမြင့်မည်ဖြစ်သည်။

**သတင်းစဉ်**





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း (၁) ကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအပိုင်း (၂) နှင့် အပိုင်း (၃) တို့ကို ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်နိုင်ရန် ရက်ပေါင်း ၆၀ သတ်မှတ်ခွင့်ပြုပေးခဲ့ပြီး ရွေးကောက်ပွဲအပိုင်း (၁) ပြီးနောက် အပိုင်း (၂) နှင့် အပိုင်း (၃) အတွက် မဲဆွယ်စည်းရုံးခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး နေ့ရက်များ သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပြိုင်ဘက်ပါတီများ၊ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို စော်ကားပုတ်ခတ်၍ ပြောဆိုစည်းရုံးခြင်းသည် ရာဇဝတ်ကြောင်းအရ ပြစ်မှုမြောက်နိုင်သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုလည်း မြောက်နိုင်ပါကြောင်း၊ တစ်ဖက်ပါတီကို နှိမ့်ချပုတ်ခတ်ပြောဆိုစည်းရုံးခြင်းသည် ကျင့်ဝတ်သိက္ခာမဲ့သည့် လုပ်ဆောင်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ရွေးကောက်ပွဲနှင့်ပါတီ၏ ပုံရိပ်ကိုလည်း ထိခိုက်စေမည် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအပိုင်း(၁)မှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို ထုတ်ပြန်ကြေညာလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကုန်ကျစရိတ်စာရင်းများကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၂ ပါအတိုင်း သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ တင်သွင်းရန် ပျက်ကွက်ပါက အရည်အချင်း ပျက်ယွင်းသူအဖြစ် ကြေညာခံရမည်ကို သတိချပ်စေလိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းကို သုံးကြိမ်တိုင် ကပ်ထားကြေညာပေးခဲ့ပြီး မဲစာရင်းတွင်မပါဝင်ပါက တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့ပြီး ၂-၁-၂၀၂၆ ရက်စွဲဖြင့်လည်း အသိပေးထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများပြုစုခြင်း၊ ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများ၊ အများပြည်သူတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရရှိသည့် ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပြီး ဖြစ်ပါကြောင်း။

**စောင့်ကြည့်လေ့လာ သတင်းရယူခဲ့**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြု မှတ်ကျောက်တင်ရန်အတွက် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၁၅၄၄ ဦးခန့် စောင့်ကြည့်လေ့လာ သတင်းရယူခွင့်ပြုခဲ့ပါကြောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက မဲဆန္ဒရှင်ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ အားတက်သရော လာရောက်မဲပေးခဲ့မှုများကို မြင်တွေ့ခဲ့ကြသည့်အတွက် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ကြောင်းနှင့် ထောက်ခံအားပေးအသိအမှတ်ပြုမှတ်ချက်စကားများ ပြောကြားခဲ့ပါကြောင်း၊ အခက်အခဲအမျိုးမျိုးကြားမှ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန်၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲမှတစ်ဆင့် ဂုဏ်သိက္ခာရှိသော လွှတ်တော်အသီးသီး ဖွဲ့စည်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

| | | | | |
|---|---|---|---|---|
| (၂၆) | ဦးမြသန်း | ၁၁/မတန(နိုင်)၀၀၀၈၆၀ | အမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးဇော်ဇော်အောင် | ၁၁/တကန(နိုင်)၀၇၃၈၃၉ | သံတွဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးအောင်စောသိန်း | ၁၁/ကဖန(နိုင်)၀၄၂၇၇၇ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၉) | ဦးသိန်းမြင့် | ၁၁/ကဖန(နိုင်)၀၂၂၆၀၀ | ဂွမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၃၀) | ဦးဇော်လင်းအောင် | ၁၁/ကဖန(နိုင်)၁၅၅၆၃၄ | တောင်ကုတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |
| (၃၁) | ဒေါ်ချိုသဲမွန် | ၉/မထလ(နိုင်)၁၈၉၁၉၈ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများ ပါတီ |

**ရခိုင်ပြည်နယ်လွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)**

| | | | | |
|---|---|---|---|---|
| (၃၂) | ဦးတင်လှ | ၁၁/မပတ(နိုင်)၀၀၁၇၃၃ | ချင်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | ၄၈၁၅ | ၂၅၁၃ | ၇၃၂၈ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၂၀၁ | ၁၂၀၂ | ၄၄၀၃ | |
| | | ဦးပေါင်လွှန်းမင်ထန် | ဇိုမီးအမျိုးသားပါတီ | ၁၅၄၉ | ၄၄၁ | ၁၉၉၀ | ၂၇.၁၆% |
| | | ဦးလျန်ဇခုပ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၂ | ၆၇၈ | ၁၉၅၀ | ၂၆.၆၁% |
| | | ဦးကိုင်းခန့်မန် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၃၅၀ | ၇၂ | ၄၂၂ | ၂၁.၆၄% |
| | | ဦးအာကာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀ | ၁၁ | ၄၁ | ၀.၉၃% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၁၆၁၄ | ၁၃၁၁ | ၂၉၂၅ | |
| | | ဦးထလာထန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၁၀ | ၁၂၂၄ | ၂၅၃၄ | ၈၆.၆၃% |
| | | ဦးမျိုးသူရလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၄ | ၈၇ | ၃၉၁ | ၁၃.၃၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)<br>နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၃၂၈ / ၆ = ၁၂၂၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၃၂၈ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၄၈၄ | ၃ | ၈၂၁ | ၁ | ၄ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၉၀ | ၁ | ၇၆၉ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၃၂ | - | ၄၃၂ | - | - | |
| | | ၄။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၂၂ | - | ၄၂၂ | - | - | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | ၇၀၆၁၈ | ၁၅၀၁၇ | ၈၅၆၃၅ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၀၁၂၈ | ၂၆၂၉ | ၃၂၇၅၇ | |
| | | ဦးမင်းမင်းထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၀၂၈ | ၉၅၈ | ၁၁၉၈၆ | ၃၆.၅၉% |
| | | ဦးတင်ညို | ရခိုင်တိုင်းရင်းသားများပါတီ | ၉၃၈၈ | ၅၇၉ | ၉၉၆၇ | ၃၀.၄၃% |
| | | ဒေါက်တာခင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၁၁၆ | ၁၀၄၆ | ၉၁၆၂ | ၂၇.၉၇% |
| | | ဦးတင်ထက်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၉၆ | ၄၆ | ၁၆၄၂ | ၅.၀၁% |
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၉၅၅၄ | ၃၄၇၅ | ၁၃၀၂၉ | |
| | | ဦးမြလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၂၇ | ၃၀၂၇ | ၆၂၅၄ | ၄၈.၀၀% |
| | | ဦးတင်ထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၃၈၈၇ | ၂၃၈ | ၄၁၂၅ | ၃၁.၆၆% |
| | | ဦးဘရှိန် | ရခိုင်တိုင်းရင်းသားများပါတီ | ၂၄၄၀ | ၂၁၀ | ၂၆၅၀ | ၂၀.၃၄% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၃၀၉၃၆ | ၈၉၁၇ | ၃၉၈၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၈၇ | ၇၉၅၉ | ၂၃၈၄၆ | ၅၉.၈၃% |
| | | ဒေါက်တာအေးမောင် | ရခိုင့်ဦးဆောင်ပါတီ | ၇၇၄၂ | ၆၀၄ | ၈၃၄၆ | ၂၀.၉၄% |
| | | ဦးအောင်မြတ်သူ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၇၇၀ | ၂၀၂ | ၄၉၇၂ | ၁၂.၄၈% |
| | | ဦးဆွေဆန်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၇၆ | ၁၁၄ | ၁၆၉၀ | ၄.၂၄% |
| | | ဒေါ်ညိုမာဝင်း | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၆၁ | ၃၈ | ၉၉၉ | ၂.၅၁% |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၅၃ / ၃ = ၁၃၂၈၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသောခိုင်လုံမဲအရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ်အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၅၃ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၄၆ | ၁ | ၁၀၅၆၂ | ၁ | ၂ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၃၄၆ | - | ၈၃၄၆ | ၁ | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၉၇၂ | - | ၄၉၇၂ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၉၀ | - | ၁၆၉၀ | - | - | |
| | | ၅။ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၉၉ | - | ၉၉၉ | - | - | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၆ / ၃ = ၁၅၂၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသောခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ်အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ်အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၆ | ၂ | | ၁ | ၃ | |
| | | ၁။ | ရခိုင့်ဦးဆောင်ပါတီ | ၁၆၁၁၁ | ၁ | ၈၄၉ | - | ၁ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၄၁၆ | ၁ | ၁၅၄ | - | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၆၁၇ | - | ၁၂၆၁၇ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၄၂ | - | ၁၆၄၂ | - | - | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် မဲဆန္ဒနယ်အမှတ်(၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁ | တီးတိန် | | | ၃၂၀၁ | ၁၀၄၅ | ၄၂၄၆ | |
| | | ဦးပေါင်ဇလန်း | ဇိုမီးအမျိုးသားပါတီ | ၁၆၄၂ | ၃၃၅ | ၁၉၇၇ | ၄၆.၅၆% |
| | | ဒေါက်တာကောင်းထက်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၉ | ၆၄၆ | ၁၉၄၅ | ၄၅.၈၁% |
| | | ဒေါ်ဝုန်သွယ်ကိမ် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၂၆၀ | ၆၄ | ၃၂၄ | ၇.၆၃% |
| ၂ | ဟားခါး | | | ၁၆၀၆ | ၁၂၃၂ | ၂၈၃၈ | |
| | | ဒေါက်တာဝုန်ဆွန်းထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၁၅ | ၁၀၅၅ | ၂၀၇၀ | ၇၂.၉၄% |
| | | ဦးလျန်ကျဲအို | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၅၉၁ | ၁၇၇ | ၇၆၈ | ၂၇.၀၆% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = ခိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၀၈၄ / ၉ = ၇၈၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသောခိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ်အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ်အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၀၈၄ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၁၅ | ၅ | ၈၀ | - | ၅ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၇၇ | ၂ | ၄၀၃ | ၁ | ၃ | |
| | | ၃။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၁၀၉၂ | ၁ | ၂၀၅ | - | ၁ | |

ရှင်းလင်းချက် ။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | နိုင်လုံမဲစုစုပေါင်း | နိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၉ | ၃၄၇၄ | ၁၃၀၃၃ | |
| | | ဦးကျော်ဆွေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈ | ၃၀၅၈ | ၇၀၁၆ | ၅၃.၈၃% |
| | | ဦးခင်စော | ရခိုင့်ဦးဆောင်ပါတီ | ၃၅၁၇ | ၂၄၀ | ၃၇၅၇ | ၂၈.၈၃% |
| | | ဦးတင်ရွှေ | ရခိုင်တိုင်းရင်းသားများပါတီ | ၂၀၈၄ | ၁၇၆ | ၂၂၆၀ | ၁၇.၃၄% |
| ၂ | စစ်တွေမြို့နယ် | | | ၁၀၉၅၀ | ၈၉၃၅ | ၁၉၈၈၅ | |
| | | ဦးနိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၃၃ | ၈၁၂၀ | ၂၅၀၅၃ | ၆၂.၈၁% |
| | | ဦးသိန်းထွန်းဦး | ရခိုင့်ဦးဆောင်ပါတီ | ၈၁၃၇ | ၅၄၅ | ၈၆၈၂ | ၂၁.၇၇% |
| | | ဦးဇော်ထွန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၅၈၈၀ | ၂၇၀ | ၆၁၅၀ | ၁၅.၄၂% |
| ၃ | မာန်အောင်မြို့နယ် | | | ၃၀၁၂၉ | ၂၆၂၅ | ၃၂၇၅၄ | |
| | | ဦးထွန်းဝင်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၂၆၃ | ၈၆၄ | ၁၂၁၂၇ | ၃၇.၀၂% |
| | | ဒေါ်ကြည်ကြည်ဇင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၀၁၀၁ | ၆၁၉ | ၁၀၇၂၀ | ၃၂.၇၃% |
| | | ဦးမောင်တင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၇၆၅ | ၁၁၄၂ | ၉၉၀၇ | ၃၀.၂၅% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၈၅ / ၁၀ = ၃၉၈၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၈၅ | ၉ | | ၁ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၅၃ | ၆ | ၁၁၂၅ | | ၆ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၆၈၂ | ၂ | ၇၀၆ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၆၁၅၀ | ၁ | ၂၁၆၂ | ၁ | ၂ | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် စစ်တွေမြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် ( ၈/၂၀၂၆ )ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၇ / ၇ = ၆၅၄၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၇ | ၅ | | ၂ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၂၃ | ၂ | ၃၈၄၁ | ၁ | ၃ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၁၅၈၈၄ | ၂ | ၂၈၀၂ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၉၈၀ | ၁ | ၆၄၃၉ | ၁ | ၂ | |

ရှင်းလင်းချက် ။ ( ၁ ) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် ( ၈/၂၀၂၆ )ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ်အမည် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | နိုင်လုံမဲစုစုပေါင်း | နိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၆၄၂ | ၁၁၇ | ၇၅၉ | |
| | | ဦးတင်လှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၇ | ၁၀၃ | ၅၇၀ | ၇၅.၁၀% |
| | | ဦးကြည်တင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၇၅ | ၁၄ | ၁၈၉ | ၂၄.၉၀% |

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက် ပံ့ပိုးကူညီသွားမည့်အခြေအနေ၊ နယ်စပ်ဒေသရှိ အွန်လိုင်းလောင်းကစားနှင့် တရားမဝင်လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံရပ်တည်သွားရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သံတမန် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သံတမန် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရေပြာဂေါက်ကွင်း၌ နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့အခြေစိုက် ပြည်ပသံရုံးများမှ သံတမန်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သံတမန်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ပါဝင်ဆင်နွှဲခဲ့ကြသည့် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများ၊ သံတမန်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းနွဲ့၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဦးအောင်မော်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကြည်ကြည်သန်းအောင်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်သင်းသင်းနွဲ့က ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၂)အရ တရားသူကြီးများသည် နေ့စဉ် တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့် အချိန်တွင် တရားခွင်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာ ပြုနေရခြင်းမှာ လက်တွေ့တွင် မဖြစ်မနေ လိုအပ်သည့် ကိစ္စမဟုတ်သည့်အပြင် နေ့စဉ်တရားခွင် တက်ရောက်သည့်အချိန်၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုသည့် အချက်ကို နိုင်ငံတကာတွင်လည်း သတ်မှတ်ထားမှု မရှိကြောင်း၊ တရားရုံးများသည် အမြဲတမ်း တည်ထောင်ထားသော တရားရုံးများဖြစ်သဖြင့် နေ့စဉ်တရားခွင်တက်သည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည့် ဆိုသည့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်းဖြင့် တရားစီရင်ရေးဆိုင်ရာ နေ့စဉ်လုပ်ငန်းများကို လျင်မြန်စေမည်ဖြစ်သဖြင့် ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို ပြင်ဆင်လိုခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက တရားသူကြီးများအား စတင်တာဝန်ပေးအပ်ချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ရန် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ခြင်း၊ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ(ဂ) တွင်ပါရှိသော ပုဒ်မခွဲငယ်(၂)ကို ပယ်ဖျက်ပါကလည်း တရားစီရင်ရေး လုပ်ငန်းများကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပြင်ဆင်ပြဋ္ဌာန်းသင့်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ခရမ်း ဇန်နဝါရီ ၅**


ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၏ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါတယ် စုံညီပွဲတော်" သီချင်းသီဆိုကာ အခမ်းအနား ဖွင့်လှစ်ပေးကာ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး မြို့နယ်တာဝန်ခံ ပညာရေးမှူး ဦးသိန်းနိုင်က ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅– ၂၀၂၆ ပညာသင်နှစ်အတွင်း တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်များတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော် အကများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။ **ကိုမင်း(ခရမ်း)**

# သမိုင်းဝင်ရွေးကောက်ပွဲများအပြီး မြန်မာနိုင်ငံက တောက်ပသော အနာဂတ်ကို အဘယ်ကြောင့် မျှော်လင့်နိုင်သနည်း

Atul Aneja



ဝေဖန်မှုများစွာကို လျစ်လျူရှုလျက် မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးအသွင်ကူးပြောင်းမှုတစ်ခုကို ဖော်ဆောင်ရန် ရည်ရွယ်ထားသည့် ဤသမိုင်းဝင်ရွေးကောက်ပွဲများသည် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်နှောင့်ယှက်မှုများ ရှိနေလင့်ကစား တစ်လနီးပါး ကြာမြင့်မည်ဖြစ်သည်။ နောက်ထပ် မဲပေးပွဲ နှစ်ကြိမ်ကို ဇန်နဝါရီလ ၁၁ ရက်တွင် တစ်ကြိမ်နှင့် နောက်ထပ် နှစ်ပတ်အကြာတွင် တစ်ကြိမ် ကျင်းပသွားမည်ဖြစ်သည်။ ဤကဲ့သို့ သုံးဆင့်ခွဲကျင်းပသည့် ရွေးကောက်ပွဲများသည် အရပ်သားအစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် လမ်းခင်းပေးမည်ဖြစ်သည်။

ပြီးစီးသွားသည်နှင့် တစ်ပြိုင်နက် ဤရွေးကောက်ပွဲများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အလွန်ခက်ခဲကြမ်းတမ်းပြီး ထူးခြားသော အခြေအနေများအောက်တွင် ဖြစ်ပေါ်ခဲ့သည့် တပ်မတော်က နိုင်ငံတော်အာဏာ ခေတ္တထိန်းသိမ်းထားခြင်းကို အဆုံးသတ်စေမည်ဖြစ်သည်။

ဝေဖန်သူများကမူ လက်ရှိရွေးကောက်ပွဲများကို ဟန်ပြသက်သက်သာဖြစ်သည်ဟု ခေါင်းစဉ်တပ်ကြပြီး နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသော ပြင်းထန်သည့် အကြမ်းဖက်မှုများ၊ စစ်ဘက်ဆိုင်ရာ၏ မရိုးသားဟု စွပ်စွဲခံထားရသော ရည်ရွယ်ချက်များနှင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည်ဟု စာရွက်ပေါ်တွင် ရှိနေဆဲဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ခြင်းတို့ကြောင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်မလာနိုင်ကြောင်း ထောက်ပြကြသည်။

**ယင်းသည် အမှန်တရားနှင့် လွန်စွာကွာခြားလှသည်။ အစိုးရကို ပုတ်ခတ်ဝေဖန်မှုများ မပြုလုပ်မီ ဤလေ့လာသုံးသပ်သူများအနေဖြင့် နားလည်ထားရမည်မှာ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲများသည် လွတ်လပ်ရေးရပြီးကတည်းက ရှုပ်ထွေးသော နိုင်ငံရေးအခင်းအကျင်းများကြားတွင်သာ အမြဲကျင်းပခဲ့ရပြီး မည်သည့်အခါကမျှ ပြီးပြည့်စုံခြင်း မရှိခဲ့သည်ကိုပင်ဖြစ်သည်။ ယခုရွေးကောက်ပွဲသည်လည်း ထို့အတူပင်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အခြေခံအုတ်မြစ်ချရွေးကောက်ပွဲများဖြစ်သည့် ၁၉၅၁ ခုနှစ် ရွေးကောက်ပွဲကို ကြည့်ပါ။ ထိုရွေးကောက်ပွဲသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ချက်ချင်းဆိုသလို ဖြစ်ပေါ်လာခဲ့သည့် ရောင်စုံသူပုန်ထကြွမှုများနှင့် နိုင်ငံက ရင်ဆိုင်နေရချိန်တွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။**

လွတ်လပ်ရေးရပြီးစ ဝန်ကြီးချုပ်ဦးနု၏ အစိုးရသည် မြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့ပြင်ပသို့ ၎င်း၏ အာဏာစက်ကို မဖြန့်ကြက်နိုင်ခဲ့သဖြင့် ''ရန်ကုန်အစိုးရ''ဟုပင် အမည်တွင်ခဲ့သည်။ သို့သော် ၁၉၅၀ ပြည့်နှစ်တွင် စတင်ခဲ့သော ရဲရင့်သည့် တန်ပြန်ထိုးစစ်တစ်ခုဖြင့် အစိုးရတပ်ဖွဲ့များက မြို့ကြီးများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၅၁ ခုနှစ်တွင် ကတိပြုထားသည့်အတိုင်း ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ထိုသမိုင်းဝင်ရွေးကောက်ပွဲများကိုလည်း အဆင့်သုံးဆင့်ခွဲ၍ ကျင်းပခဲ့သော်လည်း ၁၄ လကျော်ကြာ ကာလတစ်ခုအထိ ရှည်ကြာခဲ့သည်။ ၁၉၅၁ ခုနှစ် ဇွန်လတွင် စတင်ခဲ့ပြီး ၁၉၅၂ ခုနှစ် ဧပြီလတွင်မှ ပြီးဆုံးခဲ့သည်။ သို့သော်လည်း တိုင်းရင်းသား ပြည်နယ်များ ဖွဲ့စည်းထားသည့် နယ်စပ်ဒေသအများအပြားတွင် မဲပေးပွဲများ မကျင်းပနိုင်ခဲ့ပေ။ အမှန်တကယ်တွင် တိုက်ပွဲများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၏ ၁၁ ရာခိုင်နှုန်းခန့်တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပါ။ သို့သော် အခက်အခဲများကြားမှပင် ဦးနု၏ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)က သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ထို့နောက်တွင် ငြိမ်းချမ်းပြီး သာယာဝပြောသော ဒီမိုကရေစီဆယ်စုနှစ်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။

**''ရွေးကောက်ပွဲများသည် လူဦးရေ၏ ထက်ဝက်အောက်သာ လွှမ်းခြုံမှုရှိသည်ဟု ဟစ်ကြွေးနေကြသော သတင်းအချက်အလက် နားလည်မှု လွဲမှားနေသူများ သို့မဟုတ် ဘက်လိုက်မှုရှိသော ပြည်ပလေ့လာသူများ၏အမြင်များနှင့် ဆန့်ကျင်ဘက်အားဖြင့် မြေပြင်အမှန်တရားများက တခြားတစ်မျိုးကို ဖော်ပြနေသည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ ရွေးကောက်ပွဲဖျက်သိမ်းထားသော မြို့နယ် ၆၅ မြို့နယ်တွင် နေထိုင်သူလူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာ ရှိကြောင်း တွေ့ရသည်။ အဆိုပါ မြို့နယ် ၆၅ မြို့နယ်သည် ဝေးလံခေါင်သီသော ဒေသများဖြစ်ခြင်းကြောင့် လူဦးရေကျဲပါးသည်သာမက ပဋိပက္ခဖြစ်ပွားရာ ထိုဒေသများမှ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာမှု များပြားခြင်းကလည်း ထိုနေရာများ၏ လူဦးရေသိပ်သည်းဆကို ပိုမိုလျော့နည်းစေခဲ့သည်''**

၂၀၁၀ ပြည့်နှစ်သို့ ကျော်ကြည့်မည်ဆိုလျှင် မပြည့်စုံသော်လည်း အလွန်အရေးပါသော ရွေးကောက်ပွဲတစ်ခု ထပ်မံကျင်းပခဲ့သည်။ ထိုနှစ်တွင် တပ်မတော်ဦးဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(SPDC)က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုပြီးနောက် ရွေးကောက်ပွဲများကို ကျင်းပပေးခဲ့သည်။

ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် စစ်အုပ်ချုပ်ရေးအပြီးတွင် ကျင်းပခဲ့သော ထိုရွေးကောက်ပွဲများကို သံသယရှိသူများက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ ပြည်သူလူထုတစ်ရပ်လုံးသည် အလွန်ပြင်းထန်သော နာဂစ်မုန်တိုင်း၏ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားနေရသဖြင့် နိုင်ငံ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ အခြေအနေမှာလည်း အတော်လေးကျဆင်းနေခဲ့သည်။ ထိုအဆိုးမြင်မှုများကြားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင် အဓိကနိုင်ငံရေးပါတီအချို့က ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။ အမှန်စင်စစ် ''ဝ'' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုလုံးတွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့ပေ။

သို့သော် အခက်အခဲအားလုံးကို ကျော်လွှားပြီး ထိုရွေးကောက်ပွဲများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် တာဝန်ယူခဲ့သော သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ဝေဖန်သူများ၏ အဆိုးမြင်မှုများရှိနေသော်လည်း ဦးသိန်းစိန်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များပါဝင်သည့် ဘက်စုံပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆောင်လမ်းပြ မိတ်ဆက်ခဲ့သည်။ ရလဒ်အနေဖြင့် နောက်ထပ်ဆယ်စုနှစ်တစ်ခုကြာ မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်နိုင်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး စီးပွားရေးကို ရှေ့သို့ အရှိန်အဟုန်ဖြင့် တွန်းပို့ပေးခဲ့သည်။ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) ရှစ်ဖွဲ့နှင့် ''တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်'' (NCA) ချုပ်ဆိုနိုင်ခဲ့ပြီးနောက် နိုင်ငံရေးတည်ငြိမ်မှု ပြန်လည်ရရှိခဲ့သည်။

ယခုအခါ အနောက်နိုင်ငံများကြီးစိုးသော ကေဝင်ရိုးကမ္ဘာမှ ဗဟုဝင်ရိုးကမ္ဘာဆီသို့ ဦးတည်ရွေ့လျားနေပြီဖြစ်၍ နိုင်ငံတကာအခင်းအကျင်း လုံးဝပြောင်းလဲသွားပြီ ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲများသည် ၂၀၁၀ ပြည့်နှစ် အခြေအနေကို သဲ့သဲ့မျှ ထင်ဟပ်နေပါသည်။

**နိုင်ငံ၏ဝေးလံခေါင်သီသော ဒေသအများစုတွင်** လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေဆဲ ဖြစ်သောကြောင့် နိုင်ငံတကာအဖွဲ့အစည်း အများအပြားက ရွေးကောက်ပွဲ၏ ယုံကြည်စိတ်ချရမှုကို ပယ်ချခဲ့ကြသည်။ သို့ရာတွင် လက်တွေ့ကျသော အခြေအနေကို အကဲဖြတ်နိုင်ရန်အတွက် နိုင်ငံတကာမီဒီယာများ၏ မှန်ဝါးထားမှုကို ဖောက်ထွင်းကြည့်ရှုရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က မြို့နယ်ပေါင်း ၂၆၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ယင်းသည် နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း မြို့နယ် ၃၃၀ ၏ ၈၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံထားခြင်းဖြစ်သည်။

ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ မဲပေးပွဲများ ကျင်းပခဲ့သည်။ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ ရှိ မဲဆန္ဒရှင်များ မဲရုံများသို့ သွားရောက်ကြမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် တတိယအဆင့် မဲပေးပွဲဖြင့် အဆုံးသတ်မည်ဖြစ်သည်။

**ရွေးကောက်ပွဲများသည် လူဦးရေ၏ ထက်ဝက်အောက်သာ လွှမ်းခြုံမှုရှိသည်ဟု ဟစ်ကြွေးနေကြသော သတင်းအချက်အလက်နားလည်မှု လွဲမှားနေသူများ သို့မဟုတ် ဘက်လိုက်မှုရှိသော ပြည်ပလေ့လာသူများ၏အမြင်များနှင့် ဆန့်ကျင်ဘက်အားဖြင့် မြေပြင်အမှန်တရားများက တခြားတစ်မျိုးကို ဖော်ပြနေသည်။ ဥပမာအားဖြင့် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ ရွေးကောက်ပွဲဖျက်သိမ်းထားသော မြို့နယ် ၆၅ မြို့နယ်တွင် နေထိုင်သူ လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၁၃ ရာခိုင်နှုန်းသာ ရှိကြောင်း တွေ့ရသည်။ အဆိုပါ မြို့နယ် ၆၅ မြို့နယ်သည် ဝေးလံခေါင်သီသော ဒေသများဖြစ်ခြင်းကြောင့် လူဦးရေကျဲပါးသည်သာမက ပဋိပက္ခဖြစ်ပွားရာ ထိုဒေသများမှ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာမှု များပြားခြင်းကလည်း ထိုနေရာများ၏ လူဦးရေသိပ်သည်းဆကို ပိုမိုလျော့နည်းစေခဲ့သည်။**

ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အခက်အခဲများ ရှိနေသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)က ဤရွေးကောက်ပွဲများတွင် ဆန်းသစ်တီထွင်မှုနှင့် လတ်ဆတ်မှုတို့ကို ထည့်သွင်းဆောင်ရွက်ခဲ့သည်။ ဥပမာအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပိုမိုကိုယ်စားပြုမှုရှိစေရန်အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)နှင့် မဲအများဆုံးရသူ အနိုင်ရသည့်စနစ် (FPTP) ပေါင်းစပ်ထားသော စနစ်သစ်(ရောနှောထားသည့် အချိုးကျကိုယ်စားပြုစနစ်– MMP) ကို ဤရွေးကောက်ပွဲများတွင် မိတ်ဆက်ကျင့်သုံးခဲ့သည်။ ဆိုလိုသည်မှာ အချိုးကျကိုယ်စားပြုစနစ်ကို အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်သည်။ ရလဒ်အားဖြင့် အမတ်နေရာ ထက်ဝက်ခန့်ကို ပါတီငယ်များအတွက် သီးသန့်ဖြစ်စေနိုင်သည့် ဤပြဋ္ဌာန်းချက်များသည် တိုင်းရင်းသားနိုင်ငံရေးပါတီများစွာကို ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် တွန်းအားဖြစ်စေခဲ့သည်။

ယင်းနှင့် ဆန့်ကျင်ဘက်အားဖြင့် လွန်ခဲ့သော ရွေးကောက်ပွဲသုံးကြိမ်တွင် အကြီးဆုံးသော ပြည်လုံးကျွတ်ပါတီကြီးများ ဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် NLD ပါတီတို့သည် တစ်ခုတည်းသော ရွေးချယ်စရာဖြစ်သည့် မဲအများဆုံးသူ အနိုင်ရစနစ် (FPTP) မှ အကျိုးအမြတ်ရရှိခဲ့ကြသည်။ ထို့ကြောင့် ကရင်၊ ကယား၊ ချင်းနှင့် ပအိုဝ်းအဖွဲ့များကို ကိုယ်စားပြုသော တိုင်းရင်းသားပါတီငယ်များသည် အမတ်နေရာ အရေအတွက်များများစားစား မရရှိခဲ့ကြပေ။ ယင်းက တိုင်းရင်းသားအုပ်စုများအကြားတွင် ကြီးမားသော စိမ်းကားသီးခြားဖြစ်မှုများကို ဖြစ်ပေါ်စေခဲ့ပြီး ၎င်းတို့အနက်မှ အများအပြားသည် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။

ထို့ပြင် **တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ ကို ပြင်ဆင်ရန် အဆိုပြုချက်ကို ထောက်ခံနေသည်ဟု**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

သတင်းများ ထွက်ပေါ်နေသည်။ ရလဒ်အနေဖြင့် သတ်မှတ်ထားသော တိုင်းရင်းသားနိုင်ငံရေးပါတီများသည် ၎င်းတို့၏ ဝန်ကြီးချုပ်များကို ကိုယ်တိုင်ရွေးချယ်ခွင့် ရရှိလာမည်ဖြစ်ပြီး နိုင်ငံရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားအုပ်စုများ၏ ပါဝင်ပတ်သက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်သည်။

**“အချိုးကျကိုယ်စားပြုစနစ်အတွက် မဲဆန္ဒနယ်များကို ပိုမိုကျယ်ပြန့်စွာ သတ်မှတ်ပေးလိုက်ခြင်းနှင့် ပေါင်းစပ်လိုက်သော အခါ MMP စနစ်သည် ပဋိပက္ခဖြစ်ပွားရာ ပြည်နယ်များရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများအတွက် အသက်ရှူချောင် စေမည့် အခွင့်အရေးကို ပေးစွမ်းနိုင်ခဲ့သည်။ ဤအချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို များစွာ အားပေးကူညီနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ပဋိပက္ခအလွန် ပြင်းထန်သော ရခိုင်နှင့် ချင်းပြည်နယ်ကဲ့သို့သော ဒေသ များတွင် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)အတွက် ရွေးကောက်ပွဲများကို အများအားဖြင့် ဖျက်သိမ်းထားသော်လည်း အချို့သော ကိုယ်စားလှယ်လောင်းများသည် အချိုးကျ ကိုယ်စားပြုစနစ်ကြောင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) သို့ ဝင်ရောက်နိုင်ရန် မျှော်လင့်နိုင်ကြဆဲဖြစ်သည်။ ထူးဆန်းသည်တော့မဟုတ်၊ MMP စနစ်၏ အားသာချက်ကို ရယူကာ ပါတီအရွယ်အစား သေးငယ်သော်လည်း ရခိုင်နိုင်ငံရေးပါတီ ၅ ပါတီနှင့် ချင်းနိုင်ငံရေးပါတီ ၃ ပါတီတို့သည် လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်”**

အချိုးကျကိုယ်စားပြုစနစ်အတွက် မဲဆန္ဒနယ်များကို ပိုမိုကျယ်ပြန့်စွာ သတ်မှတ်ပေးလိုက်ခြင်းနှင့် ပေါင်းစပ်လိုက်သောအခါ MMP စနစ်သည် ပဋိပက္ခဖြစ်ပွားရာ ပြည်နယ်များရှိ တိုင်းရင်းသား နိုင်ငံရေးပါတီများအတွက် အသက်ရှူချောင်စေမည့် အခွင့်အရေးကို ပေးစွမ်းနိုင်ခဲ့သည်။ ဤအချက်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကို များစွာ အားပေးကူညီနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ပဋိပက္ခအလွန် ပြင်းထန်သော ရခိုင်နှင့် ချင်းပြည်နယ်ကဲ့သို့သော ဒေသများတွင် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) အတွက် ရွေးကောက်ပွဲများကို အများအားဖြင့် ဖျက်သိမ်းထားသော်လည်း အချို့သော ကိုယ်စားလှယ်လောင်းများသည် အချိုးကျကိုယ်စားပြုစနစ်ကြောင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) သို့ ဝင်ရောက်နိုင်ရန် မျှော်လင့်နိုင်ကြဆဲဖြစ်သည်။ ထူးဆန်းသည်တော့မဟုတ်၊ MMP စနစ်၏ အားသာချက်ကိုရယူကာ ပါတီအရွယ်အစား သေးငယ်သော်လည်း ရခိုင်နိုင်ငံရေး ပါတီ ၅ ပါတီနှင့် ချင်းနိုင်ငံရေးပါတီ ၃ ပါတီတို့သည် လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

လက်နက်ကိုင်မဟုတ်သော တိုင်းရင်းသား ခေါင်းဆောင်များကို လွှတ်တော်တွင်းသို့ ခေါ်ဆောင်လာခြင်းသည် အခြားအရေးပါသော အကျိုးသက်ရောက်မှုတစ်ခုလည်း ရှိနေသည်။ ဤဥပဒေပြုလွှတ်တော်အမတ်များရှိနေခြင်းသည် လက်နက်ကိုင် လမ်းစဉ်ကို ရွေးချယ်ထားသော တိုင်းရင်းသား အဖွဲ့များနှင့် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းမှုကို အားပေးကူညီနိုင်မည်ဖြစ်သည်။

စိတ်ဝင်စားစရာကောင်းသည်မှာ ဤရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများ၏ ၁၈ ရာခိုင်နှုန်း နီးပါးသည် အမျိုးသမီးများဖြစ်ကြပြီး ယင်းသည် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများ စတင်ကျင်းပချိန်မှစ၍ အမြင့်ဆုံးအရေအတွက် ဖြစ်သည်။ ပဋိပက္ခများရပ်တန့်ရေးနှင့် အမျိုးသမီးနှင့် လူငယ်အခွင့်အရေး မြှင့်တင်ရေးတို့တွင် တက်ကြွစွာ ဆောင်ရွက်နေကြသော အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်မည်ဟူသော မျှော်လင့်ချက်များကို ဤအချက်က မြင့်တက်စေသည်။

နောက်ဆုံးအနေဖြင့် မဲရေတွက်မှုဆိုင်ရာ မသမာမှုများကို တန်ပြန်ရန်နှင့် ခေတ်မီနည်းပညာ အသုံးပြုခြင်းမှတစ်ဆင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုအဆင့်အတန်းကို မြှင့်တင်ရန်အတွက် UEC သည် မြန်မာအီလက်ထရောနစ် မဲပေးစက်များ (MEVMs) ကို မိတ်ဆက်အသုံးပြုခဲ့သည်။ ထို့ပြင် မဲပေးစက်များ အသုံးပြုခြင်းသည် ယခင်က လက်ရေးဖြင့် ဆောင်ရွက်စဉ် ကြုံတွေ့ခဲ့ရသော အဓိက ပြဿနာတစ်ခုဖြစ်သည့် “ပယ်မဲ” ဖြစ်ပေါ်နိုင်ခြေကို ပပျောက်စေသည်။ အမှန်တကယ်တွင် စာရွက်မဲလက်မှတ်များကို အသုံးပြုခဲ့သည့် ယခင်ရွေးကောက်ပွဲ သုံးကြိမ်စလုံး၌ အဟောသိကံဖြစ်သွားသော ပယ်မဲရာခိုင်နှုန်းသည် ၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။

MEVM စက်များကို ပြင်ပမှ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုနိုင်စေရန် UEC က အထူးအလေးထားဆောင်ရွက်ထားသည်။ ယင်းစက်များအား ရိုးရှင်းသောဒီဇိုင်းကို အခြေခံထားရှိခြင်းနှင့် အင်တာနက် ချိတ်ဆက်နိုင်သည့်စနစ်များ လုံးဝမပါဝင်အောင် လုပ်ဆောင်ထားခြင်းဖြင့် အာမခံချက်ပေးထားသည်။

**“မြန်မာနိုင်ငံတွင် သုံးပိုင်းခွဲ၍ ကျင်းပသည့် ဤရွေးကောက်ပွဲများ အောင်မြင်ခြင်းက ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ သာယာဝပြောရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အောင်မြင်မှုဖြစ်စဉ်များကို တွန်းအားပေးရန်သာမက ကျယ်ပြန့်သော အာရှဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုပါ သိသိသာသာ အားပေးကူညီနိုင်မည်ဖြစ်သည်။ ယဉ်ကျေးမှုကြီးမားသော နိုင်ငံကြီးနှစ်ခုဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံကြား ပေါင်းကူးတံတားသဖွယ် တည်ရှိနေသော မဟာဗျူဟာမြောက် နယ်ခြားနိုင်ငံ (frontier state) မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ အမျိုးသားအကျိုးစီးပွားများ ထိပ်တိုက်မတွေ့ဘဲရှိနေသည့် ထူးခြားသော နိုင်ငံတစ်ခုဖြစ်သည်။ အမှန်စင်စစ် အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံစလုံးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုမှ အကျိုးကျေးဇူးများစွာရရှိနိုင်သဖြင့် အကျိုးစီးပွားချင်း တူညီမှုရှိနေသည်။ အရှေ့တောင်အာရှနှင့် ပိုမိုထိတွေ့ဆက်ဆံရေးဟူသော အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ (Act East Policy)သည် အိန္ဒိယနှင့် အာဆီယံ ၁၀ နိုင်ငံကြား အဓိက ပထဝီဝင်ချိတ်ဆက်မှုဖြစ်သည့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့အတူ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံသည်လည်း မြန်မာနိုင်ငံတွင် ပဋိပက္ခကင်းစင်မှသာ အောင်မြင်နိုင်မည်ဖြစ်”**

မြန်မာနိုင်ငံတွင် သုံးပိုင်းခွဲ၍ ကျင်းပသည့် ဤရွေးကောက်ပွဲများ အောင်မြင်ခြင်းက ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ သာယာဝပြောရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အောင်မြင်မှုဖြစ်စဉ်များကို တွန်းအားပေးရန်သာမက ကျယ်ပြန့်သော အာရှဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုပါ သိသိသာသာ အားပေးကူညီနိုင်မည်ဖြစ်သည်။ ယဉ်ကျေးမှုကြီးမားသော နိုင်ငံကြီးနှစ်ခုဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံကြား ပေါင်းကူးတံတားသဖွယ် တည်ရှိနေသော မဟာဗျူဟာမြောက် နယ်ခြားနိုင်ငံ (frontier state) မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ အမျိုးသားအကျိုးစီးပွားများ ထိပ်တိုက်မတွေ့ဘဲ ရှိနေသည့် ထူးခြားသော နိုင်ငံတစ်ခုဖြစ်သည်။ အမှန်စင်စစ် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံစလုံးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုမှ အကျိုးကျေးဇူးများစွာ ရရှိနိုင်သဖြင့် အကျိုးစီးပွားချင်း တူညီမှုရှိနေသည်။ အရှေ့တောင်အာရှနှင့် ပိုမိုထိတွေ့ဆက်ဆံရေးဟူသော အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ (Act East Policy) သည် အိန္ဒိယနှင့် အာဆီယံ ၁၀ နိုင်ငံကြား အဓိက ပထဝီဝင် ချိတ်ဆက်မှုဖြစ်သည့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့အတူ တရုတ် – မြန်မာ စီးပွားရေးစင်္ကြံသည်လည်း မြန်မာနိုင်ငံတွင် ပဋိပက္ခကင်းစင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလှုပ်ရှားမှု ကို ဦးဆောင်နေသည့် အဖွဲ့အစည်းကြီး နှစ်ခုဖြစ် သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) နှင့် BRICS အဖွဲ့တို့သို့ ဝင်ရောက်ရန် ပြင်းပြသော စိတ်ဝင်စားမှုကို ပြသထားသောကြောင့် ရွေးကောက်ပွဲလွန်ကာလအနာဂတ်ကို မျှော်ကြည့်တတ်သော မြန်မာနိုင်ငံသည် နိုင်ငံတကာ ဗဟုဝါဒဖြစ်စဉ်ကိုလည်း အားပေးရာရောက်မည် ဖြစ်ပါသည်။

(ဆောင်းပါးရှင်သတင်းစာဆရာ Atul Aneja ရေးသားသည့် Why Myanmar can hope for a bright future after landmark elections ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။ )

သတင်းစာဆရာ Atul Aneja သည် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖြစ် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့်အတူ လိုက်ပါ၍ ဒီဇင်ဘာ ၂၈ ရက်က ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လေ့လာခဲ့သူတစ်ဦးဖြစ်ပါသည်။ သူသည် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ Myanmar Narrative Think Tank ၏ အကျိုးဆောင်အကြံပေးတစ်ဦးလည်း ဖြစ်ပါသည်။

Original Article Link–
https://www.geopolitika.ru/en/article/why–myanmar–can–hope–bright–future–after–landmark–elections?

## ဘီးလင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်

**ဘီးလင်း ဇန်နဝါရီ ၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)တွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ တပ်ဆင်ခြင်းကို ဇန်နဝါရီ ၂ ရက်က ဘီးလင်း မြို့နယ်ရှိ ခ–လ–ရ(၈)တပ်တွင်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ မဲပေးစက်များကို ပြည်နယ်အဆင့် နည်းပညာအထောက်အကူပြုအဖွဲ့မှ မြို့နယ်ရွေးကောက်ပွဲတွင် MEVM မဲပေးစက်အသုံးပြုကြမည့် ဝန်ထမ်းများအား MEVM မဲပေးစက်တပ်ဆင်ပုံအဆင့်ဆင့်နှင့် စနစ်တကျ ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့သင်ကြားပြုလုပ်သည်။

MEVM မဲပေးစက်တပ်ဆင်ပြုလုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို စီမံဆောင်ရွက်ပေးသည်။

ဘီးလင်းမြို့နယ်၌ MEVM မဲပေးစက်များ တပ်ဆင်ခြင်းကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ ၃၀ တို့ဖြင့် သုံးရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ရာ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည်ကို ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ဖြင့် ပုံဖော်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် အရည်အသွေးမြင့်မားသည့် လူငယ်များရရှိစေရန် ယခုကျင်းပမည့် ဖိုရမ်မှ ဖော်ထုတ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍအား ဆက်နွှယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းမှသာ လူငယ်များ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်ပြီး လူငယ်များအား ပြုစုပျိုးထောင်ပေးမှသာ ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင်၊ လူငယ်များအား ကိုယ်ကျင့်တရားကောင်းမွန်သည့်လူငယ်များဖြစ်အောင် ဆွေးနွေးဖော်ထုတ်မည်ဖြစ်ကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များကို ဖော်ထုတ်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်အတွက် စွမ်းရည်မြင့်မားသည့် လူငယ်များပေါ်ထွက်လာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီအလိုက် အဆုံးအဖြတ်ပေးရမည့်အချက်များအား အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ ကျင်းပမည့် ဖိုရမ်သည် ယခင်ငြိမ်းချမ်းရေးဖိုရမ်များနှင့်မတူဘဲ လူငယ်များအနေဖြင့် သီးသန့်ဆောင်ရွက်သည့် ဆွေးနွေးမှုအခင်းအကျင်းဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်အတွက် အရေးပါသည့် လူငယ်များ၏ အခန်းကဏ္ဍအား ရည်ရွယ်၍ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးလုပ်ငန်း ကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုလူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် နိုင်ငံအတွက် အနှစ်သာရရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က လူငယ်များကို အလေးထားကြောင်း၊ လုံခြုံပျော်ရွှင်တည်ငြိမ်သည့် အသိုက်အဝန်းရရှိနိုင်မည့် သတင်းစကားကို ယခုဖိုရမ်တွင် လူငယ်များကို ပေးရမည်ဖြစ်ကြောင်း၊ လူငယ်နှင့်အစိုးရ၊ ပြည်သူနှင့် အစိုးရ ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယခုလူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် လူငယ်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသည်ဆိုသည့် သတင်းစကားကို ပေးနိုင်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖိုရမ်သည် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသော ပုံစံများဖြင့် နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်မည်ဖြစ်သည်။

ဖိုရမ်မှတစ်ဆင့် လူငယ်များ၏အသံကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်ရန်အတွက် ပဋိပက္ခကို ဖြစ်ပေါ်စေသည့်အချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ၊ လူငယ်များ၏ လုံခြုံရေးနှင့် အကာအကွယ်၊ ကျား/မ ကဏ္ဍအလိုက် မတူညီသော ထိလွယ်ရှလွယ်သည့် အခြေအနေ၊ အားနည်းချက်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပူးပေါင်းပါဝင်နိုင်မှုအတွက် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ စီးပွားရေးစိန်ခေါ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းကိစ္စရပ်များ၊ ပညာဆက်လက်သင်ယူနိုင်ရေးနှင့် ပညာရေးအတွက်ကွာဟချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဉာဏ်ရည်တုနည်းပညာ (AI)၊ ဆိုက်ဘာ (Cyber)၊ လူမှုကွန်ရက်(Social Media) များတွင် လူငယ်များ ပါဝင်ဦးဆောင်နိုင်သော အခြေအနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် လူငယ်များ၏ သဘောထားဆန္ဒအသံများကို လေ့လာဖော်ထုတ်၍ ဆက်လက်ဆောင်ရွက်မည့် လူငယ်လုပ်ငန်းစဉ် အစီအစဉ်များကို ရယူဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပညာတော်သင်ကျောင်းသားကျောင်းသူများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ အနာဂတ်တွင် နှစ်နိုင်ငံပညာရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုမြှင့်တင်ရေးကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ အဆင့်မြင့် ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရွှေ့ဖုံးမှ*

တောင်တက်မော်တော်ယာဉ် ၁၅၂ စီးဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကာ သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ ဘုရားဖူးပြည်သူများ စည်ကားများပြားလျက်ရှိသည့်အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန်စသည့်နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း တွေ့ရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ဒဂုံမြို့နယ် အလက ကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ဇန်နဝါရီ ၃ ရက်က ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။



ဦးစွာ Grade – 9 ကျောင်းသားကျောင်းသူလေးများက “အလှမြင့် ဘက်စုံလ (၁) ဒဂုံ” သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ဒဂုံမြို့နယ် တာဝန်ခံပညာရေးမှူး ဦးဖုန်းမော်ထွန်းက အမှာစကားပြောကြားကာ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဥမ္မာထွေးက ကျေးဇူးတင်စကားပြောကြားပြီး မိဘ ဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကျောင်းအုပ်ဆရာမကြီးအား စီမံခန့်ခွဲမှုစွမ်းဆောင်ရည်ဆု ပေးအပ်သည်။

ဆက်လက်၍ သင်ကြားမှုထူးချွန်ဆုနှင့် ကျောင်းတက်ရက်မှန်ဆုများကို ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရွှေကြာပင်အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးလျှင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၏ ပင်မအားကစားကွင်းဖြစ်သည့် ရွှေကြာပင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း ဂျပန်မြက်များ ပြန်စိုက်နိုင်ရေးအတွက် ကွင်းမြေညှိခြင်း၊ မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းခြင်းနှင့် မိုးလုံလေလုံ အားကစားရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မအားကစားကွင်းဖြစ်သည့် ရွှေကြာပင်အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းပျက်စီးခဲ့မှုများကို အမြန်ဆုံးအချိန်မီပြန်လည် ပြင်ဆင်နိုင်ရေး၊ ကြိုတင်ပျိုးထောင်ထားသည့် ဂျပန်မြက်များကို အချပ်လိုက်ပြန်ကပ်ပြီး စိုက်ပျိုးနိုင်ရေးအတွက် ကွင်းမြေညှိခြင်း၊ ဘောလုံးကွင်းသဲခင်းခြင်းနှင့် ရေဖျန်းစနစ်(Field Sprinkler)များအတွက် ရေပိုက်များအမြန်တပ်ဆင်ပြီးစီးရေး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ Synthetic ပြေးလမ်းအသစ်ပြန်လည်ခင်းကျင်းနိုင်ရေးအတွက် ပျက်စီးသွားသည့် ယခင်ပြေးလမ်းအဟောင်း ကွန်ကရစ်ခင်းခြင်းပြီးစီးမှု၊ ပေ(၄၈၀x၆၀) အနောက်ဘက် အထူးတန်းပွဲကြည့်စင်နှင့် ပေ(၁၈၀x၁၅၀) မိုးလုံလေလုံအားကစားရုံ ရှေ့မျက်နှာစာ Composite အပြားများအမြန်တပ်ဆင်ပြီးစီးရေး၊ ပွဲကြည့်စင်များ၊ နံရံများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရေလိုင်း၊ မီးလိုင်းစနစ်များ ကောင်းမွန်စေရေးနှင့် LED ဘုတ်ပြားများ ပြန်လည်ပြုပြင်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှု



များနှင့် ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက Synthetic ပြေးလမ်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားကာ အားကစားကွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ပုံမှန်မြက်ဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။ **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် တက်ရောက်ချီးမြှင့်

**လွိုင်ကော် ဇန်နဝါရီ ၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကယားပြည်နယ် ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

စုံညီပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ်ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ လွိုင်ကော်မြို့ လောဗမ္မ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းသား ကျောင်းသူများက "လာကြနွှဲပျော် ပညာရေး စုံညီပွဲတော်" တေးသီချင်းဖြင့် အဖွင့်သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးက ပညာ



ရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်သည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူ၊ ၂၀၂၅ ခုနှစ် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA GAME)၌ 61 kg တန်းအောက် တစ်ဦးချင်းကရာတေးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ထူးချွန်ဆရာဆုရရှိသူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၁)တွင် သင်တန်းသူစံပြဆုရရှိသူ၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် တယောအတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ၊ ASEAN School Game ပြေးခုန်ပစ်မီတာ ၃၀၀၀ ပြိုင်ပွဲဗဟိုအဆင့် ပထမဆုရရှိသူနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန် ကျောင်းသားရွေးချယ်ခံရသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ် ပညာရေးမှူးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမ အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် စုံညီပွဲတော်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ နောင်ယား(ခ) ရပ်ကွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဟင်းသီးဟင်းရွက် စံပြစိုက်ခင်းသို့ ရောက်ရှိကာ စားဖိုဆောင်သီးနှံများ၊ နှစ်ရှည်သီးနှံများနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စိုက်ခင်းကို တောင်သူများ အချိန်မရွေးဝင်ရောက်ပြီး စိုက်ပျိုးရေးနည်းပညာများကို လေ့လာနိုင်အောင် စီမံဆောင်ရွက်သွားရန်၊ တောင်သူများ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးနိုင်အောင် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးတင်ဆွေဝင်း ဘိုကလေးမြို့နယ်မှ မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့် တွေ့ဆုံ



**ဘိုကလေး ဇန်နဝါရီ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြို့တော်ခန်းမ၌ ဘိုကလေးမြို့နယ်အတွင်း မဲရုံမှူး၊ ဒုမဲရုံမှူး တာဝန်ထမ်းဆောင်ကြမည့် ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှမိုးနှင့်အဖွဲ့၊ ဖျာပုံခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန့်ဇင်နှင့်အဖွဲ့၊ ဘိုကလေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုမဲရုံမှူး တာဝန် ထမ်းဆောင်ကြမည့်သူများ စုစုပေါင်းအင်အား ၅၅၀ ခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က မဲရုံမှူး၊ ဒုမဲရုံမှူးများအား အီလက်ထရောနစ် မဲပေးစက် နည်းလမ်းတကျ ကိုင်တွယ်အသုံးပြုနည်းများနှင့် ရွေးကောက်ပွဲ အချိန်ကြန့်ကြာမှု မရှိစေဘဲ လွယ်ကူအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် မဲရုံမှူး၊ ဒုမဲရုံမှူးများက ရွေးကောက်ပွဲနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့်အဖွဲ့သည် မြို့တော်ခန်းမအတွင်း၌ ရွေးကောက်ပွဲကျင်းပမှုနမူနာပုံစံနှင့် ဘိုကလေးမြို့နယ် ချိုကြည် သာသနာ့ဗိမာန်အတွင်း မဲပေးစက်များ စနစ်တကျ ထားသိုသိမ်းဆည်းမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြရာ တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစားကျောင်းဆောင်၌ (၇၈) ကြိမ်မြောက် တိပိဋကဓရ တိပိကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များနှင့်စာပြန်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး တိပိဋက ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟို သံဃနာယက အဖွဲ့ဝင်ဆောင် ဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်)အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၁) ရပ်ကွက် ရတနာလမ်းမကြီးရှိ မဟာဝိနယာလင်္ကာရကျောင်းကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော် ရန်ကုန်မြို့ ဆေကဝတီ ဗုဒ္ဓတက္ကသိုလ်၊ ပါမောက္ခချုပ်ဆရာတော်၊ မင်းကွန်း တိပိဋက-နိကာယဝင် တပည့်များအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝိနယာလင်္ကာရ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြသည်။

ယမန်နေ့ညပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ကျင်းပသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးနှင့် တက်ရောက်လာကြသူများသည် ညစာ အတူတကွသုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီးတို့က သီဆိုကပြ ဖျော်ဖြေကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်သူ့ရင်ပြင်မှ ၂၀၂၆ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သနပ်ပင်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၅**

သနပ်ပင်မြို့နယ်အတွင်းရှိစိုက်ပျိုးရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက် ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ သနပ်ပင်မြို့နယ် အောက်စုရပ်ကွက်၌ တစ်ကွင်းတစ်ဆက်တည်း နွေစပါး နှစ်သီးစိုက် ဧက(၁၀၀) စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ပဈေးကွက်ဝင် တန်ဖိုးမြင့် ပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သဘာဝ သုံးစွဲနိုင်ရေး၊ ဒေသန္တရနှင့် ဒေသ မြေသြဇာ ကိုယ်တိုင်ထုတ်လုပ် ကြက် တိုးချဲ့မွေးမြူရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသန္တရအား မေထုန်မဲ့သားစပ်ခြင်း၊ မျိုးမြှင့်တင်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ အသိပညာပေး ပြောကြားပြီး ဒေသခံတောင်သူများအား သွင်းအားစုများ ပေးအပ်သည်။

ယင်းနောက် သနပ်ပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ MSMEs လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် အုပ်ချုပ်ရေးမှူးများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ တင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ သနပ်ပင်မြို့နယ် ကမာစဲ-ရစ်ကံလေး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျော်ဖုံးမှ*

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း (၂) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် တစ်ထပ်အဆောက်အအုံ ငါးလုံး၊ နှစ်ထပ် အဆောက်အအုံ ၁၅ လုံး၊ သုံးထပ် အဆောက်အအုံ လေးလုံး၊ ငါးထပ်အဆောက်အအုံ နှစ်လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် အလုံး ၆၁၀ ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

**တရားမဝင် အဆောက်အအုံ ၁၀၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်**

ထို့ပြင် KK Park နယ်မြေအပိုင်း (၃) အတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၀၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

**အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




❍ *ကျော်ဖုံးမှ*

အသင်း၏ မန်နေဂျာအဖြစ် လုပ်ကိုင်လိုကြောင်းနှင့် နည်းပြအဖြစ် မလုပ်လိုကြောင်း ပြောကြားကာ မန်ချက်စတာယူနိုက်တက်အသင်း၏ အကြီးအကဲများကို နောက်ထပ်တစ်ကြိမ် ဝေဖန်တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထို့နောက် ၎င်းကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း မန်ယူအသင်းက ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။ အမ်မိုရင်၏ နည်းပြအဖွဲ့ဝင်များမှာလည်း အသင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ အသက် ၄၀ အရွယ် အမ်မိုရင်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၆၃ ပွဲတွင် ၂၅ ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

အမ်မိုရင်သည် အမ်ဘူမို၊ ရှက်ကို၊ ကွန်ညာနှင့် လန်းမန်းစ် စသည့် ကစားသမားသစ်များကို ခေါ်ယူရာတွင် ပေါင် ၂၁၆ သန်း သုံးစွဲခဲ့သော်လည်း အသင်းရလဒ်ပိုင်း ထင်သလောက်ကောင်းမွန်မှု မရှိခဲ့ပေ။ မန်ယူအသင်းသည် ပရီမီယာလိဂ် ပွဲ ၂၀ ကစား ပြီးချိန်တွင် ရှစ်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ဖြင့် အဆင့် (၆) တွင် ရပ်တည်နေသည်။ **အောင်ဇော်**

# မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်




**နေပြည်တော် ဇန်နဝါရီ ၅**

မွန်ပြည်နယ် အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန့်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ မွန်ပြည်နယ် ခေတ္တ ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဂုဏ်ပြု ညစာစားပွဲတွင် ခေတ္တ ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ညစာသုံးဆောင်နေစဉ်အတွင်း မြို့နယ်ဂီတအစည်းအရုံးမှ အနုပညာရှင်များနှင့် မော်လမြိုင်ပညာရေး ဒီဂရီကောလိပ်မှ ဆရာမများက တေးသံသာများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဖျော်ဖြေတင်ဆက်ပေးကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး **(ဝဲပုံ)** (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၅-၁-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၂၈-၁၂-၂၀၂၅)ရက်နေ့၊ည (၈:၀၀)နာရီမှ (၄-၁-၂၀၂၆) ရက်နေ့၊ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် EV Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG4 (MULAN)အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် Pathein Auto Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZONGTONG (LCK6827EVG) အမျိုးအစား လျှပ်စစ်သုံးခရီးသည်တင်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ငဖဲမြို့နယ်၌ အထွေထွေ ရွေးကောက်ပွဲ ဒုတိယပိုင်းအဖြစ် ကျင်းပမည့် မဲရုံအဆောက် အအုံများနှင့် လူနေအိမ်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၅ ရက်က မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ မဲရုံကျင်းပမည့် အခြေခံပညာ ကျောင်းများ၌ ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ် (ပြန်/ဆက်)



## နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တိုင်းအဆင့်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ ထူးချွန်ဆုနှင့် လူရည်ချွန်ဆုများ ရရှိအောင် သင်ကြားပြသပေးခဲ့သော ဆရာ ဆရာမများအား ဆုများ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ တိုင်းအဆင့်၊မြို့နယ်အဆင့် စာပေထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** ၂၂၁

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **" ပြည်သူကို ဖမ်းဆီးငွေညှစ် ခြိမ်းခြောက်နေတဲ့ PDF ဓားပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကို ကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာ ဖြတ်သန်းနေကြသော ပြည်သူများ၏ ငြိမ်းချမ်းသောအနာဂတ်ခရီး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇန်နဝါရီ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အင်္ဂလိပ်စာဘာသာရပ် သိကောင်းစရာ

ဒေါက်တာဖြူဖြူသင်း၊ ပါမောက္ခ(ဌာနမှူး)၊ အင်္ဂလိပ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမည့် ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit(၁၂)ခု ပါရှိပြီး Unit (၃) ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာ ဖြစ်ပါတယ်။ အဲဒီ မေးခွန်းတွေ အများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ကတော့ Complete the sentences with the appropriate words. The initial letters are given. ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

In some areas, hydroelectric dams use the energy of flowing water to g---------- electricity. လို့ ပေးထားရင် သင့်လျော်တဲ့ စကားလုံးဖြစ်တဲ့ generate ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ မေးခွန်းနံပါတ် ၂ ကတော့ Choose the appropriate words or phrases to complete the sentences. ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီ ဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

For many people these days, a mobile phone is no longer a luxury but a ----------. ဆိုတဲ့မေးခွန်းမှာ

(A) need (B) necessity (C) demand

လို့ ပေးထားရင် အဖြေမှန်ဟာ (B) necessity ဖြစ်ရပါမယ်။ နောက်ဥပမာတစ်ခုဖြစ်တဲ့

Coffee was one thing that ---------- me get through the morning.

(A) let (B) felt (C) helped

လို့ ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်တဲ့အဖြေဟာ (C) helped ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု သဒ္ဒါကို မှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၃ အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် Rewrite the sentences according to the instructions given in brackets. လို့ မေးထားတယ်။ ဝါကျ(၁၀)ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်ပါတယ်။ အထက်တန်းအဆင့် Grade 10, Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်း ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ –

Thu Thu didn't go to the get-together party because she had to work late. (Use the zero/ first/ second/ third conditional.) လို့ မေးလာခဲ့ရင်

If Thu Thu had not had to work late, she would have gone to the get-together party./

သို့မဟုတ်

Thu Thu would have gone to the get-together party if she had not had to work late. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖြေဆိုရမှာ Subordinate clause ဖြစ်တဲ့ If clause ကို ရှေ့ကထားရေးမယ်ဆိုရင် ',' ကို မဖြစ်မနေထည့်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် IV မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို ကျကျနနညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV (A) ကတော့ Write the appropriate words or groups of words to complete the lines of verse. လို့ မေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

And looked down one as far as I could

To where it bent in ----------;

လို့ မေးရင် the undergrowth လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV (B) ကတော့ Answer the questions in complete sentences. ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။

ဥပမာ –

Why are diet and nutrition considered the most fundamental human needs? လို့မေးရင်

Diet and nutrition are considered the most fundamental human needs because they are essential for our health, energy and growth.လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာ တစ်ခုကတော့

Yet knowing how way leads on to way,

I doubted if I should ever come back.

လို့ ကဗျာထဲက စာကြောင်း နှစ်ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီ ကဗျာ နှစ်ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၅ ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။ V (A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "As a result, the amount of carbon dioxide ($CO_2$) in the atmosphere is increasing dramatically." လို့ပေးထားပြီး "We may have a --------- in the amount of atmospheric carbon dioxide if we continue to use fossil fuel." လို့ မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့ မရပါဘူး။ စာပိုဒ်ထဲက is increasing dramatically" ဟာ verb phrase ဖြစ်နေပြီး မေးထားတဲ့ဝါကျမှာ ဖြေရမဲ့အဖြေဟာ noun phrase ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ dramatic increase ဖြစ်ပါတယ်။

V (B) ကတော့ "Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့် ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့ လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "… the Earth is running out of fossil fuels, which means that there is a need for alternative sources of energy for use on a wide scale." လို့ပေးထားပြီး Why do we need alternative sources of energy for our day-to-day life? လို့မေးထားရင် အဖြေက " We need alternative sources of energy for our day-to-day life because the Earth is running out of fossil fuels." လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက် ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

မေးခွန်း နံပါတ် ၆ ကတော့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်များပါတဲ့ unseen reading passage ကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂မျိုးနဲ့မေးမှာ ဖြစ်ပါတယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေပါတဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလို မေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသား ကျောင်းသူအများစုဟာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။

VI (A) ကတော့ "Find the bold-faced words in the passage that are similar in meaning to the following. There is an extra." ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစု ၅ ခု ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– miserable လို့မေးထားလျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ မေးခွန်းရဲ့အဖြေမှန် melancholic ကို ရေးပေးရမှာဖြစ်ပါတယ်။

VI (B) ကတော့ Answer the following questions. Give complete answers. ပဲဖြစ်ပါတယ်။

မေးခွန်းရဲ့မေးထားတဲ့အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။ According to the passage, what does the writer suggest? Do you agree with it, and why or why not? လို့မေးရင် စာရေးဆရာရဲ့ အကြံပြုချက်၊ ထင်မြင်ယူဆချက် စတဲ့အကြောင်းအရင်းကို မေးတာ ဖြစ်ပါတယ်။ အဲတော့ အဖြေက According to the passage, the writer suggests that the best way to lead a life is to live in the moment.

အဲဒီနောက်က မေးတဲ့ Do you agree with it, … ကတော့ ကိုယ်က စာရေးဆရာရဲ့ အမြင်နဲ့ ပတ်သက်ပြီး သဘောတူ မတူမေးတာဖြစ်လို့ "Yes or No" ဖြေပေးရမှာပါ။ ဒါ့အပြင် "… and why or why not?" လို့ မေးတာဖြစ်တဲ့အတွက် ကိုယ်ဘာကြောင့်သဘောတူလဲ၊ မတူဘူးလဲဆိုတဲ့ အကြောင်းအရင်းကို ဖြေပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘောတူရင်

Yes, (I agree with it) because it is important to concentrate on the present situation rather than the past and the future. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

သဘောမတူရင်တော့

No, (I do not agree with it) because we need to consider all the consequences of the past and take the previous lesson based on the mistakes we made. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဥပမာ ဖြေပေးထားတာဖြစ်ပါတယ်။ ဆီလျော်မှန်ကန်တဲ့ အဖြေဆိုရင် လက်ခံပါတယ်။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၇ ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, 11, 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (A) ကတော့ Complete the dialogue with the expressions given in the box. There is an extra. လို့ ပေးထားမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ် ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ Expression တစ်ခု ပိုပေးထားပါတယ်။

ဥပမာ–

Thinzar: Hi, Su Mon. We haven’t seen each other since the beginning of the Thidingyut holiday. (1) ----------?

Su Mon: I went on a trip to Bagan with my cousins. After the trip, I helped my mum with the housework.

လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ What have you been doing? လို့ ဖြေပေးရပါမယ်။

ဒုတိယပိုင်းကတော့ Grade 6 to Grade 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (B) ကတော့ Complete the exchanges using the expressions given in the box. There is an extra. လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း Expression တစ်ခု ပိုပေးထားပါတယ်။

မေးခွန်းနံပါတ် ၈ ကတော့ Letter writing ဖြစ်ပြီး Choose a situation given below and write a letter. Do not write more than 300 words. လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11, Grade 12 စာအုပ်တွေမှာပါတဲ့ Formal letter နဲ့ Informal letter များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့ လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။

ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှစ်ခုလဲဆိုတာ သေသေချာချာ ဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are Kyi Pyar. Your address is No.31, 31st Street, Mandalay. Write a letter to your friend, Muyar, telling her about a birthday party at home, informing what your plans are for it, and inviting her to come and help you at the party.

ဆိုတဲ့ မေးခွန်းကိုကြည့်ရင် addresser က Kyi Pyar ဖြစ်ပြီး addressee က Muyar ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်သုံးချက် ပါပါတယ်။ ပထမအချက်က a birthday party at home အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် informing what your plans are for it လို့မေးထားတဲ့အတွက် ကိုယ့်ရဲ့ Plans တွေအကြောင်းကို ပြောပြရမှာပါ။ တတိယအချက်အနေနဲ့ inviting her to come and help you at the party. လို့ မေးထားတဲ့အတွက် သူမကို လာဖို့နဲ့ မွေးနေ့ပွဲမှာ ကူညီပေးဖို့ ဖိတ်ခေါ်ရန်အတွက် ရေးသားရမှာဖြစ်ပါတယ်။ အချက်သုံးချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

မေးခွန်းနံပါတ် ၉ ကတော့ Essay ဖြစ်ပြီး Write an essay on ONE of the following. Do not write more than 500 words. ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ် တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ –

The importance of time management for success in school and life ဆိုတဲ့ စာစီစာကုံးမှာ ကျောင်းနဲ့ဘဝမှာအောင်မြင်စေဖို့ အချိန်စီမံခန့်ခွဲမှုအရေးပါပုံကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမည့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမည့်အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာအချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့ အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်း ရှိရမယ်။

နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံး အသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကို သုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန် သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေ ကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန် ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမည့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက် အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့၊ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင် နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ။

## အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ တရုတ်အမျိုးသားနှင့်အတူနေစေခြင်းမှ ရရှိသောငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၅**

အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်း၊ တရုတ်အမျိုးသားနှင့် အတူနေစေခြင်းမှ ရရှိသော ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက်(၂) ကျိုင်းကာရပ်နေ ကိုစိုင်းဆောင်းလှိုင်(ခ)ကိုမျိုး၊ မိုင်းဆတ်မြို့ ဝိန်းနေရွာနေ ဦးလွန်းထွန်း (ခ)ဦးထွန်းလှိုင်၊ ကျိုင်းတုံမြို့ ရပ်ကွက်(၂) ဆောင်းပျက်ရပ်နေ ဒေါ်နန်းဝိုးကျောက်နှင့် ရပ်ကွက်(၂) ကျိုင်းကာရပ်နေ ဒေါ်နန်းအွေ့တို့က ကျိုင်းတုံမြို့နှင့် မိုင်းဆတ်မြို့နေ အမျိုးသမီးသုံးဦးတို့ကို မိုင်းဖျန်မြို့တွင် အလုပ်ရမည်၊ အလုပ်လုပ်ရင် လုပ်သလောက်ရမည်၊ နေစရိတ်စားစရိတ် ပူစရာမလိုဟု လိမ်လည်ပြောဆိုစည်းရုံး၍ တရုတ်အမျိုးသားတစ်ဦးနှင့် အတူ နေရန်(အပျိုစင်ဖျက်ရန်)ပြုလုပ်စေခြင်း၊ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေခဲ့ခြင်း၊ လုပ်ခလစာမပေးဘဲ ညှဉ်းပန်းရိုက်နှက် ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကျိုင်းတုံမြို့မရဲစခန်း(ပ)၂၀၁/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ရာ ကျိုင်းတုံခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် စိုင်းဆောင်းလှိုင်(ခ)ကိုမျိုးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် တစ်ဆယ်နှစ်၊ ဒေါ်နန်းဝိုးကျောက်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် တစ်ဆယ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဦးလွန်းထွန်း (ခ) ဦးထွန်းလှိုင်၊ ဒေါ်နန်းအွေ့တို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက် ၆၃ ဘီလမ်းနေ မခင်မျိုးဆက် (ခ) ဆက်ဆက်မှ (ပန်းကလေး)TikTok အကောင့်ဖြင့် မန္တလေးမြို့ရှိ စားသောက်ဆိုင်၊ စင်တင်နှင့် KTV တို့၌ အလုပ်လုပ်ရမည်ဖြစ်၍ မန္တလေးမြို့သို့ လာရောက်ရန် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အမျိုးသမီးငယ် ကိုးဦးတို့ကို ခေါ်ဆောင်၍ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ရောထွန်း (ဆ) ရပ်ကွက်နေ မသော်(ခ)သော်ဇင်မိုး၊ ခင်ပွန်းဖြစ်သူ သူရိန်(လိပ်စာတူ)တို့၏ ချိတ်ဆက်မှုဖြင့် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်ရပ်ကွက်၊ အကွက်အမှတ် (၄၆၅)နေ မခင်သီတာဝင်း (ခ) မမိုးမိုး၊ ခင်ပွန်းဖြစ်သူ ကိုခိုင်ဝင်း(ခ)အငယ်ကောင်(လိပ်စာတူ) တို့၏ ပြည့်တန်ဆာအိမ်သို့ ပို့ဆောင်ပေးခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀) မြို့မရဲစခန်း(ပ) ၅၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မဟာအောင်မြေခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မခင်သီတာဝင်း(ခ)မိုးမိုး၊ ကိုခိုင်ဝင်း(ခ)အငယ်ကောင်၊ မသော်(ခ)သော်ဇင်မိုး၊ သူရိန်နှင့် မခင်မျိုးဆက်(ခ) ဆက်ဆက်တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသောCRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "roger(poelthib 03r)" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စိုင်ဒီကျေးရွာနေ အောင်ဇော်ထိုက် (ခ) အောင်ဇော်အား မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံမိသားစုဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဝဏ္ဏဇရုပ်များ၊ မုစလိန္ဒအိုင်နှင့် အခြား သာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝအလေးပြုကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ မြတ်စေတနာခန်းမ၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "စုံညီပွဲတော် ဒို့နွဲပျော်" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်အဆင့်ဆင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများရရှိအောင် သင်ကြားပြသပေးခဲ့သည့် ဆရာ ဆရာမများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ တေးသံသာ အကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ကျောင်းအတွင်း ခင်းကျင်းပြသထားသည့် ကျောင်းသား ကျောင်းသူများ တီထွင်ဖန်တီးပြုလုပ်ထားသော လက်မှုပညာနှင့် သင်ထောက်ကူဆိုင်ရာ ပြခန်းများကို လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပ

**တောင်ငူ ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ယမန်နေ့က တောင်ငူမြို့ မိုင်ဒါကွင်းရှိလွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ရှေ့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အလံတင်ခရာမှုတ်၍ကျင်းပရာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အလေးပြုသည်။



ဆက်လက်၍ သဝဏ်လွှာဖတ်ကြားပွဲကို ခရိုင်အားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဖတ်ကြားသည်။

မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပရာ၌ အသုံးပြုမည့် (MEVM)မဲပေးစက်များ မီးဘေးလုံခြုံရေးကို ဇန်နဝါရီ ၅ ရက်က မဲပေးစက်များထားရှိသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ရတနာခန်းမ) သို့ သွားရောက်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**မန္တလေး ဇန်နဝါရီ ၅**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက စပါးနံ့တာယာနှင့် ကျွတ်စက်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိက ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင် မှတ်ပုံတင်ထားသော စပါးနံ့တာယာနှင့် ကျွတ်စက်ရုံမှ အာမခံအလုပ်သမား ဦးသက်ပိုင်ဝင်းထွန်းအောင်၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့် အဆ ၃၀ ငွေကျပ် ၄၃၂၀၀၀၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်အိရွှေဇင်ဦးထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာနတာဝန်ရှိသူများနှင့် WCC အဖွဲ့ဝင်များ ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)




နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက်နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ

# ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှု ၂၀၂၄ ခုနှစ်ကထက် ၄၆ ရာခိုင်နှုန်းတိုးလာ

**ဖနောင်ပင် ဇန်နဝါရီ ၅**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း စုစုပေါင်း ဆန် ၉၄၀၃၂၀ တန် တင်ပို့နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါပမာဏမှာ ၂၀၂၄ ခုနှစ်ကထက် ၄၆ ရာခိုင်နှုန်းတိုးလာကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်(စီအာအက်ဖ်)က ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်က ဆန်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၀၂ ဒသမ ၄၁ သန်းရရှိရာ ၂၀၂၄ ခုနှစ်ကထက် ၂၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကြောင်း သတင်းထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံနှင့် ဒေသ ၇၅ ခုသို့ ကုမ္ပဏီ ၆၈ ခုက ဆန်တင်ပို့ခဲ့ကြောင်း သိရသည်။ ပြည်ပသို့တင်ပို့သည့်ဆန်များအနက် ဆန်မွှေး ၆၄ ဒသမ ၀၂ ရာခိုင်နှုန်း၊ ဆန်ကွဲ ၁၈ ဒသမ ၅၆ ရာခိုင်နှုန်း၊ ဆန်ဖြူ ၁၃ ဒသမ ၇၁ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဆန် ၁ ဒသမ ၃၂ ရာခိုင်နှုန်းနှင့် အခြားဆန်အမျိုးအစား ၀ ဒသမ ၃၉ ရာခိုင်နှုန်း အသီးသီးတင်ပို့နိုင်ခဲ့ကြောင်း စီအာအက်ဖ်အထွေထွေအတွင်းရေးမှူး လွန်ယန်က ပြောကြားသည်။

ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အာစီအီးပီ)သဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်သည် တရုတ်နှင့် အခြားအာစီအီးပီနိုင်ငံများသို့ ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးပစ္စည်းများ တင်ပို့ခြင်းမှာ ခိုင်မာသည့်အခြေခံအုတ်မြစ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချီက ပြောကြားသည်။

အဆိုပါသဘောတူညီချက်အရ ကမ္ဘောဒီးယားသော အရည်အသွေးမြင့် စိုက်ပျိုးရေးပစ္စည်းများကို



နိုင်ငံထွက်ကုန်များ အထူးသဖြင့် ဆန်စပါး၊ ငှက်ပျောသီး၊ သရက်သီး၊ ငရုတ်ကောင်းနှင့် ဒူးရင်းသီးကဲ့သို့ ဦးစားပေးအခွန်များဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ကိုးဦးရှိလာ

**ဂျကာတာ ဇန်နဝါရီ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မြောက် ဆူလာဝေစီပြည်နယ်၌ ဇန်နဝါရီ ၅ ရက် နံနက်အစောပိုင်းက ရုတ်တရက် ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများကြောင့် သေဆုံးသူ ကိုးဦးရှိလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ပြောသည်။



မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီးနောက် စီတာရိုကျွန်းခရိုင် အရှေ့စီအောတွင် ဒေသစံတော်ချိန် နံနက် ၂ နာရီခွဲက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံဖော်ပြချက်များအရ သိရသည်။ စီတာအိုကျွန်းခရိုင်အုပ်ချုပ်ရေးအဖွဲ့က ဒေသခံငါးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်းနှင့် ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ဘေးဒဏ်သင့် အိမ်နီးချင်းခရိုင်များမှ ဒေသခံများကိုဘေးကင်းလုံခြုံသောနေရာများသို့ ယာယီပြောင်းရွှေ့ပေးထားသည်။

ဘေးအန္တရာယ်ကြောင့်နေအိမ်ငါးလုံး ရေမျောပါသွားပြီး အရှေ့စီအောနှင့် အရှေ့တောင်စီအောဒေသများသို့ ဆက်သွယ်ထားသောလမ်းများ ပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

ဆင်ဟွာ

## ဩစတြေးလျနိုင်ငံ၌ ၂၀၂၅ ခုနှစ်သည် စတုတ္ထမြောက် စံချိန်တင် အပူဆုံးနှစ်တစ်နှစ်ဟုဆို

**မဲလ်ဘုန်း ဇန်နဝါရီ ၅**

ဩစတြေးလျနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် သမိုင်းတစ်လျှောက် စံချိန်တင် စတုတ္ထမြောက် အပူဆုံးနှစ်တစ်နှစ်ကို ကြုံတွေ့ခဲ့ပြီး လစဉ်ပျမ်းမျှအပူချိန်မှာ ကာလရှည်ပျမ်းမျှအပူချိန်ထက် ကျော်လွန်ခဲ့ကြောင်း ဇန်နဝါရီ ၅ ရက်က ထုတ်ပြန်သော တရားဝင်အချက်အလက်များအရ သိရသည်။

မိုးလေဝသဗျူရိုက ထုတ်ပြန်သော နှစ်လယ်ရာသီဥတုဆိုင်ရာ အကျဉ်းချုပ်အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်အတွင်း နှစ်လယ်ပျမ်းမျှအပူချိန်မှာ ၁၉၆၁-၁၉၉၀ ပြည့်နှစ်အတွင်း ရှိခဲ့သည့် ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၂၃ ဒီဂရီဆဲလ်စီးယပ် ပိုမိုမြင့်မားခဲ့ပြီး ယင်းမှာ မှတ်တမ်းစတင်ကောက်ယူသည့်အချိန်မှစတင်ကာ ဩစတြေးလျနိုင်ငံ၏ စတုတ္ထမြောက် စံချိန်တင် အပူဆုံးနှစ်တစ်နှစ်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ၏ စံချိန်တင်အပူဆုံးနှစ်မှာ ၂၀၁၉ ခုနှစ်ဖြစ်ပြီး ၁၉၆၁-၁၉၉၀ ပြည့်နှစ်အတွင်းက ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၅၁ ဒီဂရီဆဲလ်စီးယပ်ရှိသည်ဟု မိုးလေဝသဗျူရိုက ပြောသည်။ **ဆင်ဟွာ**



## ၂၀၂၅ ခုနှစ်၌ ဂျပန်မော်တော်ယာဉ်အသစ်ရောင်းချရမှု မြင့်တက်ခဲ့

**တိုကျို ဇန်နဝါရီ ၅**

ဂျပန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်က မော်တော်ယာဉ်အသစ်ရောင်းချရမှု မြင့်တက်ခဲ့သည်။ ထိုသို့ မော်တော်ယာဉ်အသစ် ရောင်းချရမှုမြင့်တက်လာခြင်းက အချက်အလက် အရှုပ်တော်ပုံကြား ၂၀၂၄ ခုနှစ် ကားအရောင်းကျဆင်းမှုမှ ပြန်လည်ကောင်းမွန်လာခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် ကားအစီးရေ ၄ ဒသမ ၅၆ သန်းရောင်းချခဲ့ရသည်ဟု ကားထုတ်လုပ်ရေးအုပ်စုက ပြောသည်။ ယင်းသို့ ရောင်းချရခြင်းက လွန်ခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ခရီးသည်တင် ကားအစီးရေ၊ ကုန်တင်ကားအစီးရေနှင့်တခြား ကားအစီးရေများ ရောင်းချရခြင်းသည် ၂ ဒသမ ၉ သန်းခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ကားအသေးရောင်းချရမှုသည် ၇ ရာခိုင်နှုန်းအထိ တက်လာပြီး အစီးရေအားဖြင့် ၁ ဒသမ ၆၆ သန်းခန့် ရှိသည်။

အစိုးရ အသိအမှတ်ပြုလက်မှတ်အတွက် မှားယွင်းသောစမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ထုတ်လုပ်သူအချို့သည် ၂၀၂၄ ခုနှစ်တွင် ကားထုတ်လုပ်မှုကို ဆိုင်းငံ့ထားပြီး မကြာမီတွင် ယခုလို ကားရောင်းအား ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။




အမေရိကန်၏ အခွန်အကောက်အစီအမံများအပါအဝင် ပိုမိုပြင်းထန်သော နိုင်ငံတကာအခြေအနေများကြားတွင် ပြည်တွင်းဈေးကွက်သည် ယခုအခါထုတ်လုပ်မှုနှင့် အလုပ်အကိုင်များကို ကာကွယ်ရန် ယခင်ကထက် ပိုမိုအရေးကြီးသည်ဟု စက်မှုလုပ်ငန်းအဖွဲ့များက ပြောသည်။

ပြည်တွင်း ကားရောင်းအားမြှင့်တင်ရန် ဂျပန်ကားထုတ်လုပ်သူများသည် ကားမော်လ်ဒယ်အသစ်များကို မိတ်ဆက်ထုတ်လုပ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ၌ အမိုးပြိုကျမှုဖြစ်ပွား ခြောက်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၅**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပခ်ွတွန်ခွာပြည်နယ်၌ နေအိမ်အမိုးပြိုကျမှုဖြစ်ပွားသဖြင့် ကလေးအများစုအပါအဝင် ခြောက်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

ချာဆာဒါခရိုင် ရှာဘ်ကာဒါဒေသ၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီခန့်က အမိုးပြိုကျမှုဖြစ်ပွားသောကြောင့် အမျိုးသမီးများနှင့် ကလေးများ အပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း နိုင်ငံပိုင်ကယ်ဆယ်ရေး ၁၁၂၂ က ပြောကြားသည်။

အဆိုပါ နေအိမ်သည် ရွှံ့များဖြင့်ဆောက်လုပ်ထားပြီး မိုးရွာသွန်းမှုကြောင့် ပြိုကျခြင်းဖြစ်ကြောင်း ကယ်ဆယ်ရေး ၁၁၂၂ မှ ပြောရေးဆိုခွင့်ရှိသူ ဘီလာ အာမက်ဖိုင်ဇီက ပြောကြားသည်။ သေဆုံးသူများမှာ အသက် နှစ်နှစ်မှ ၁၄ နှစ်အကြား ကလေးများနှင့် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ နေပြည်တော် တင်ဒါအမှတ်-DOB/ Maintenance/2025-2026/NPT/001 အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အရေးပေါ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ပြည်-တောင်ကုတ်လမ်းပေါ်ရှိ နဝဒေးတံတား(ပြည်) (၄၁၈၃ ပေ)နှင့် မကွေးတိုင်းဒေသကြီး၊ မကွေး-မင်းဘူးလမ်းပေါ်ရှိ ရောဝတီတံတား(မကွေး) (၈၉၈၉ ပေ) တို့တွင် သံမဏိသံပေါင် အပေါ်ပိုင်းများ ဆေးသုတ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား/တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံများ ရောင်းချမည့်ရက်** | - | (၇-၁-၂၀၂၆) ရက်မှ (၁၃-၁-၂၀၂၆)ရက် အထိ (ရုံးချိန်အတွင်း) |
| ၃။ | Pre Bid Meeting | - | ၁၄-၁-၂၀၂၆ ရက်၊ (၁၄:၀၀)နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် (နည်းပညာနှင့်ဈေးနှုန်း)** | - | ၁၅-၁-၂၀၂၆ ရက်၊ (၁၅:၀၀)နာရီ |
| ၅။ | **နည်းပညာအောင်မြင်ကြောင်း ကြေညာမည့်ရက်** | - | ၁၆-၁-၂၀၂၆ ရက် |
| ၆။ | **တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန်** | - | ၂၀-၁-၂၀၂၆ရက်၊မွန်းလွဲ(၁:၀၀)နာရီ |
| ၇။ | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော် |

၈။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၃၄၀၇၇၄၇ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၉။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ တံတားဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ Onlineစနစ်ဖြင့် Mail Address: bridgemaintenance2025@gmail.com သို့ ဖြစ်စေ၊ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD-012939 သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၇၇၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၁၂၀၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးတျန်လင်း ၁၀/ရမန(နိုင်)၁၂၆၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၄၇၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်လင်းထွန်း ၁၀/ခဆန(နိုင်) ၁၃၅၂၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ပုဂံကျေးရွာနေ ကျွန်တော် ဦးစိုးသိန်း ၇/ဝမန(နိုင်) ၁၄၉၉၃၆ - ကျွန်မ ဒေါ်တင်ရွှေ ၇/ဝမန(နိုင်)၀၀၂၀၄၁ တို့၏သား မောင်ကျော်ဇင် ၇/ဝမန(နိုင်)၂၀၃၀၀၅ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုးသိန်း-ဒေါ်တင်ရွှေ**

## Flower Commerce Platform အုပ်စုအဖွဲ့ထံသို့ အသိပေးအကြောင်းကြားခြင်း

Flower Commerce Platform အုပ်စုဝင် (၄၁) ဦးအား ပေးအပ်ရန်ရှိသည့် အဖွဲ့ဝင် (၁၁)ဦးအား ပြန်လည်စာရင်းရှင်းလင်းပေးအပ်ပြီးဖြစ်ပါသည်။ ကျန်ရှိသည့် FCP (၃၀) ဦးအား ပေးရန်ရှိသည့်ငွေများ (၂၅)ရာခိုင်နှုန်းကို ၆-၃-၂၀၂၃ က ပြန်လည်ပေးအပ်ထားပြီးကျန်ရှိသည့် (၇၅)ရာခိုင်နှုန်းကိုလည်း အမြန်ဆုံးပြေလည်အောင် ဖြေရှင်းပေးမည်ဖြစ်ကြောင်းအသိပေး အကြောင်းကြားအပ်ပါသည်။

FCP အဖွဲ့ဝင်များကို နစ်နာစေရန်ရည်ရွယ်ချက်မရှိပါ။ နစ်နာသွားခဲ့သည့်အတွက် Flower Group MD ကျွန်တော် ဦးမင်းထက်လင်း မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဦးမင်းထက်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာထွန်း (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၈၀၆/၂၀၂၀)**
**အမှတ်(၃၈)၊ ဝန်ဇင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၇၇၃၄၅၀၆၀၄**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း၊ အဆင့် (၁)၊ မြေကွက်အမှတ် (၂၂၄)၊ (၂၃၈)၊ (၂၃၉)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၆၀xအနံ၄၀) ပေရှိ (၃) ကွက်တွဲ မြေနှင့်ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော အိမ်နှင့်ခြံအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပါမစ်မြေ အမည်ပေါက် ဒေါ်ခင်နွဲ့ထံမှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်အိစံ ၁၂/ဒဂတ(နိုင်)၀၇၇၂၆၉ မှ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်စိုး ၁၂/သကတ(နိုင်)၀၀၈၂၈၄ မှ ဝယ်ယူရန် သဘောတူပြီး စရန်ငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့ကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြင့်မြင့်စိုး** | **ဒေါ်သန်းသန်းထိုက် ( LL.B)** |
| **၁၂/သကတ(နိုင်)၀၀၈၂၈၄** | **အထက်တန်းရှေ့နေ(စဉ်-၄၂၇၁၀)** |
| | **အမှတ်(၄၆၆)၊ (၆)လွှာ၊ မင်းရဲကျော်စွာ(၁)လမ်း၊** |
| | **ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၉၅၄၈၀၀၃၂၀** |

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ အမှတ်(၃၁၊ ၃၂)နေ ဒေါ်ကြာညိုသွယ်သင်း (ဘ) ဦးညီညီနိုင် ၁၂/ဥကတ(နိုင်)၁၈၆၃၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြာညိုသွယ်သင်း (ဘ) ဦးညီညီနိုင် ၁၂/ဥကတ(နိုင်)၁၈၆၃၃၃ နှင့် ဦးခန့်ကျော်ကျော်ထက် (ဘ) ဦးကျော်ကျော်ဦး ၇/ရတရ(နိုင်)၁၃၂၀၄၄ တို့သည် မရမ်းကုန်းမြို့နယ်တရားရုံး၏ မှတ်ပုံတင်အမှတ် (၃၉/၂၀၂၅) ဖြင့် (၂၇-၅-၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကြာညိုသွယ်သင်းနှင့် ဦးခန့်ကျော်ကျော်ထက်တို့သည် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့သည့် (၂၇-၅-၂၀၂၅)ရက်မှစ၍ စီးပွားရေး၊ လူမှုရေး ကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွှယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမြင့်မြင့်မော် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၇၁)**
**အမှတ် (၃၂)၊ အကွက်(၂၉)၊ (ဆ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**

## လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA)- (RA-3)၊ အကွက်အမှတ် (တ-၀၆)၊ မြေကွက်အမှတ် (၀၀၂၆)၊ အကျယ်အဝန်း (၁၀၀ပေ × ၁၀၀ပေ)ရှိ ဒေါ်သီသီစိန် (၁၂/တတန (နိုင်) ၁၈၁၀၆၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သီသီစိန် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA)- (RA-3)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၀၅၇၃) + (၀၅၇၄) + (၀၅၇၅) + (၀၅၇၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) စီရှိ ဦးအောင်ချမ်းမြေ့ (၁၂/မဂဒ (နိုင်) ၁၁၁၃၀၃) အမည်ပေါက် ပါမစ်မြေကွက်(၄)ကွက်နှင့် ယင်းမြေကွက်(၄)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးအောင်ချမ်းမြေ့ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ဖျာပုံမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာဖူဆယ်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၅

ဖျာပုံမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျင်းပသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဌာနဆိုင်ရာဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ဖျာပုံမြို့နယ် ပြည်သူ့အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဌာနဆိုင်ရာဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဖျာပုံခရိုင်ပညာရေးနှင့် ဖျာပုံခရိုင်ငါးလုပ်ငန်းအသင်းတို့ ယှဉ်ပြိုင်ကြရာ ဖျာပုံခရိုင်ပညာရေးအသင်းက ဖျာပုံခရိုင်ငါးလုပ်ငန်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်



ဦးက ပထမဆုရ ခရိုင်ပညာရေးအသင်းအား ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုငွေများကို ချီးမြှင့်ပြီး ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဒုတိယ၊ တတိယနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။(**အပေါ်ပုံ**) **ခရိုင်(ပြန်/ဆက်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/80067, Jialing-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်ကိုကို ၅/ကဘလ(နိုင်) ၁၅၄၂၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/99929, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မြင့် ၉/မတရ(နိုင်)၀၈၅၉၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/52446, Luojia LJ 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမင်းသူ ၉/ခအဇ(နိုင်)၀၆၉၂၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

KBZ BANK

# “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

KBZ BANK

## ဒေါ်နန်းခမ်းနောင် – စီမံထူးချွန် (ပထမဆင့်)

**Esports အားကစားကို မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံအဆင့် ရောက်ရှိသည်အထိ**

**စီမံခန့်ခွဲဦးဆောင်၍ အဓိကပံ့ပိုးပေးသူ**

**( မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်–နာယက )**

**KBZPay ကို မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံး အဆင့် (၁) ဖြစ်အောင်စွမ်းဆောင်နိုင်သူ**

**( KBZPay ၏ Founder & Leader )**

**မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံးနှင့် အကြီးဆုံးပုဂ္ဂလိကဘဏ် KBZ Bank ကို ဦးဆောင်နေသူ**

**( KBZ Bank Founder & Leader )**

## ဒေါ်နန်းခမ်းနောင်

**အား နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့်**

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်**

## စီမံထူးချွန် (ပထမဆင့်)

**ချီးမြှင့်အပ်နှင်းခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။**

**ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

# "သီရိသုဓမ္မဓမ္မဏိဇောတဓရ" ဘွဲ့တံဆိပ်တော်အား လက်ခံရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၄-၁-၂၀၂၆ တွင် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား အပ်နှင်းသည့် သာသနာတော်ဆိုင်ရာ "သီရိသုဓမ္မဓမ္မဏိဇောတဓရ" ဘွဲ့တံဆိပ်တော်အား GROUP OF SHWE NADI SHWEYI COMPANY LIMITED ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းမှ လက်ခံရရှိသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

**MD, BOD Director များနှင့် ကုမ္ပဏီဝန်ထမ်းများ**

- SHWE NADI SHWEYI Co.,Ltd
- NADI SHWEYI Co.,Ltd
- SHWE NADI SHWEYI CONSTRUCTION Co.,Ltd
- SHWE NADI SHWEYI FILM PRODUCTION Co.,Ltd
- SHWE NADI SHWEYI ENTERTAINMENT Co.,Ltd
- TMW .WIN Co.,Ltd
- KAUNG KAUNG NADI Co.,Ltd
- MINGALARPAR MISS MYANMAR Co.,Ltd
- TMW Film Production
- Kaung Film Production

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ရွှေကူလေးကျေးရွာနေ (ဘ) ဦးတင်လှိုင် ၁/ရကန(နိုင်)၀၁၃၅၀၅ -(မိ) ဒေါ်မိုးမိုးဝင်း ၁/ရကန(နိုင်)၀၁၃၆၇၃ တို့၏သား မောင်ဖြိုးဖြိုးအား မောင်ဖြိုးသျှံခ ဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/19858 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၅) ရပ်ကွက်၊ မြသဇင်လမ်း၊ အမှတ် (၄၉၅/ခ)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ရှိ ပါမစ် မြေကွက်အား အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်သိန်းရွှေ ၁၂/ဒဂရ(နိုင်)၀၄၃၇၄၃ မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သိန်းရွှေ
၁၂/ဒဂရ(နိုင်)၀၄၃၇၄၃
ဖုန်း-၀၉-၇၇၁၀၁၄၈၉၄၊
၀၉-၈၉၇၇၃၉၈၃၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း (RA-1)၊ အကွက်အမှတ် (တ-၀၂)၊ အမှတ် (၂၉၆၅+၂၉၆၆)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေစီရှိ မြေကွက်(၂) ကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းဇာနည် (၁၄/ပသန(နိုင်)၂၁၀၉၅၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ နန်းကေသွယ် (ခ) ကုန်းဝေရှန် (၁၃/လရန(နိုင်)၀၉၉၃၆၄) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၉)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ် (၃၅၅) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀) ပေရှိ နှစ်(၆၀)မြေငှားဂရန် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရွှေဝါစိုး (၁၂/ဒဂတ(နိုင်)၀၂၃၅၂၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးတင်အောင်မြင့် (၁၂/အလန(နိုင်)၀၃၀၄၅၅) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၈၈၄) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းအေး (၁၀/ဘလန(နိုင်)၀၆၃၅၉၅) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာအောင် (၁၂/ဒဂတ(နိုင်)၀၉၆၀၂၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၂၀၁၈) ဟုခေါ်တွင်သော မြေအလျားXအနံပေ (၄၀X၆၀) ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်အေး (ISN-၂၂၈၃၇၈) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာအောင် (၁၂/ဒဂတ(နိုင်)၀၉၆၀၂၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ် စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၄၁/၂)၊ မြေကွက်အမှတ် (၆၀၈+၆၀၉) ဟုခေါ်တွင်သော မြေအလျားXအနံ (၈၀X၆၀)ပေ အကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှနောင် (CF-၀၉၅၁၀၃) (၁၂/သဃက(နိုင်)၀၀၈၀၆၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကနီဆာမိ(ခ)ကျော်ထိုက် (၇/သနပ(နိုင်)၀၆၃၄၄၀) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ် စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၁၀၇)ဟုခေါ်တွင်သော မြေအလျား X အနံ (၄၀ X ၆၀) ပေအကျယ်အဝန်းရှိ မြေချပါမစ်မူရင်း မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးတိုးလှိုင် (Z/MAG-၁၀၅၅၂၇) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ထွန်း (၁၄/ပသန(နိုင်)၁၄၉၈၇၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသန်းထိုက် (၁၀/ကမရ(နိုင်)၀၅၈၃၆၇) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/8574, Nissan Candar ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၁၃/တကန(နိုင်)၀၈၅၄၇၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

**အလိမ္မာ စာမှာရှိ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဥပဒေရေးရာဝန်ကြီးဌာန
## ကြော်ငြာစာအမှတ် ၁ / ၂၀၂၆
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဥပဒေအရာရှိ အဆင့်(၄) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာ ၅၀ အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ခန့်ထားရန်ရှိပါသည်။

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် ဥပဒေဘွဲ့(LL.B) ရရှိပြီးသူဖြစ်ရမည်၊

(ဂ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်၊

(င) **၃၁-၁၂-၂၀၂၅** ရက်နေ့တွင် အသက်(၂၈) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ (L.L.M) ရရှိသူဖြစ်ပါက အသက် (၃၀) နှစ်ထက် မကြီးသူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ စာမေးပွဲကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို မြို့နယ်များရှိ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ မြို့နယ်ဥပဒေရုံး ငွေစာရင်းခေါင်းစဉ် သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ်၊ **အမ်ဒီ - ၀၂၃၅၆၆** သို့လည်းကောင်း ပေးသွင်းရမည်။

၄။ သတ်မှတ်ထားသော လျှောက်လွှာပုံစံတစ်စောင်ကို စာမေးပွဲအတွက် ငွေသွင်းချလံမူရင်းပြ၍ ခရိုင်ဥပဒေရုံးများတွင် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ နှစ်စောင်ဝယ်ယူရမည်။)

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဥပဒေဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့်စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)

(ခ) စာမေးပွဲဝင်ကြေးပေးသွင်းထားသည့် ငွေသွင်းချလံမူရင်း၊

(ဂ) အသက်အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်နှင့် စစ်ဆေးသည့်အခါ မူရင်းတင်ပြနိုင်ရမည်။)

(ဃ) ပြင်ပပုဂ္ဂိုလ်များအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိနှစ်ဦး၏ **၁-၁-၂၀၂၆** ရက်နေ့နောက်ပိုင်း ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(စ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော ၆ လခန့်က ရိုက်ကူးထားသည့်ပုံဖြစ်ရမည်)

(ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)

၆။ လျှောက်လွှာပိတ်ရက်သည် **၂၃-၁-၂၀၂၆၊ ညနေ ၄:၃၀ နာရီ** ဖြစ်သည်။

၇။ လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် ခရိုင်ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၈။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်းတာဝန်ထမ်း ဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာအကြီးအကဲမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး)၊ ဥပဒေရေးရာဝန်ကြီးဌာန၊ နေပြည်တော်သို့လည်းကောင်း၊ ကျန်လျှောက်လွှာတစ်စောင်ကို မိမိလျှောက်လွှာထုတ်ယူခဲ့သည့် ခရိုင်ဥပဒေရုံးသို့လည်းကောင်း သတ်မှတ်ရက်ထက် မကျော်လွန်စေဘဲ အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ **၇-၂-၂၀၂၆** ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို **၆-၂-၂၀၂၆** ရက်နေ့၌ ဥပဒေရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၅)၊ နေပြည်တော်တွင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း) ပြသ၍ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် မပျက်မကွက် လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရမည်-

(က) မြန်မာစာ + အထွေထွေဗဟုသုတ

(ခ) အင်္ဂလိပ်စာ + ဥပဒေဘာသာရပ်

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ လောင်းကစားဥပဒေ)

၁၁။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့် အခါတွင် မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

၁၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၁၄။ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

ဥပဒေရေးရာဝန်ကြီးဌာန

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ အထက-လေယာဉ်ကွင်းကျောင်း Grade-11 တွင် ပညာသင်ယူနေသော မောင်ချင်လှိုင်မျိုးရမ်ဆား၏ ဖခင်အမည်မှန်မှာ ဦးချင်လှိုင် ဖုန်ဘရား ၁/ခဘဒ(နိုင်) ၀၀၈၇၀၂ ဖြစ်ကြောင်း။

## အမည်မှန်

သရက်ခရိုင်၊ အထက်မင်းလှမြို့ အ.လ.က(မြောက်)ရပ် Grade-8 တွင် ပညာသင်ကြားနေသော အဖ ဦးစိုးဝင်းနိုင် ၈/မကန(နိုင်)၀၃၈၉၅၉ ၏ သမီးဖြစ်သူ မခင်ရဒီစိုး ၈/မလန(နိုင်) ၁၅၂၁၄၃ ၏ အမည်မှန်မှာ မခင်ရတီစိုးဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၃)၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်)၊ မြေကွက်အမှတ် (၁၄၄၅)၊ ဧရိယာ (၀ဒသမ၀၆၀)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၃)ရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ် (၁၄၄၅) ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသော (၁) ဦးမင်းဒင် ၁၂/လမတ(နိုင်)၀၁၈၈၁၁၊ (၂) ဦးဟုတ်လင်း ၁၂/ လမတ(နိုင်)၀၁၈၀၄၀၊ (၃) ဦးခင်လင်း ၁၂/လမတ(နိုင်) ၀၂၁၄၂၇၊ (၄) ဦးအောင်လင်း ၁၂/ လမတ(နိုင်)၀၁၈၈၁၂၊ (၅) ဒေါ်စန်းစန်းဝေ ၁၂/လမတ(နိုင်)၀၁၈၈၂၇၊ (၆) ဦးစိန်လင်း ၁၂/လမတ(နိုင်) ၀၁၈၈၃၀ နှင့် (၇) ဒေါ်ယဉ်ယဉ်မျိုး ၁၂/လမတ(နိုင်) ၀၁၈၈၁၉ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)**
**အမှတ်(၅၆၅/၅၆၇)၊ MAC TOWER၊ အခန်းအမှတ်(၆၀၃)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်-၉၄၅(A)ရှိ TOP GEAR Auto Mobile Co.,Ltd ၏ ကိုယ်စားဒါရိုက်တာဖြစ်သူ ဦးဇင်လင်းပိုင် ၁၂/ကတတ(နိုင်) ၀၂၅၁၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကအကြောင်းကြားအပ်ပါသည်-

ဒေါ်ရွှန်းလဲ့အောင်(ဘ)ဦးလှမျိုးအောင် ၁၂/ဒဂဆ(နိုင်) ၀၂၈၃၆၅အား TOP GEAR Auto Mobile Co.,Ltd တွင် Sale Admin ရာထူးဖြင့် (၅-၁-၂၀၂၅)ရက်မှ စတင်အလုပ်ခန့်အပ်ခဲ့ပြီး ကုမ္ပဏီနှင့် စပ်ဆိုင်ပတ်သက်ခြင်းမရှိသော ငွေကြေးများကို ကုမ္ပဏီ၏ငွေစာရင်းသို့ ထည့်သွင်းခဲ့ခြင်းကြောင့် ငွေကြေးများနှင့်ပတ်သက်၍ ပြဿနာအရှုပ်အရှင်းများဖြစ်ပေါ်စေသဖြင့် (၂၂-၁၂-၂၀၂၅)ရက်စွဲပါ ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒေါ်ရွှန်းလဲ့အောင် ၁၂/ဒဂဆ(နိုင်) ၀၂၈၃၆၅ အား အလုပ်မှထုတ်ပယ်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၂-၁၂-၂၀၂၅)ရက်မှစတင်၍ ဒေါ်ရွှန်းလဲ့အောင် (ဘ)ဦးလှမျိုးအောင် ၁၂/ဒဂဆ(နိုင်) ၀၂၈၃၆၅၏ ဆောင်ရွက်ချက်များသည် ကုမ္ပဏီ နှင့်မည်သည့်နည်းနှင့်မျှ ဆက်စပ်ပတ်သက်မှုမရှိတော့ကြောင်းနှင့် ကုမ္ပဏီအား မည်သည့်နည်းနှင့်မျှ ကိုယ်စားမပြုတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင် LL.B,DIL,DBL,DML**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၈/၁၅-၆-၂၀၁၇)**
**၁၅၃၊ ၃၂-လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၀၉၁၉**

## အစ္စလာမ့်တရားတော်နှင့်အညီ သွလာက်(သွလာက်ကေ့ ဗာအင်န် အပြီးပြတ်စဲခြင်း သွလာက်)ပေး၍ ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ခေတ္တ-မလေးရှားနိုင်ငံတွင် နေထိုင်သူ ကိုရဲလင်းသန့် (ဘ)ဦးသန်းမောင် ၉/ရမသ(နိုင်)၁၈၁၉၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ကိုရဲလင်းသန့်သည် ရမည်းသင်းမြို့၊ ဗမက အရှေ့ရပ်၊ ကျောင်းတိုက်စုရပ်ကွက်ကြီးတွင် နေထိုင်သူ မယွန်းနွယ်ဝေ(ဘ)ဦးညွန့်ဝင်း ၉/ရမသ(နိုင်)၂၀၄၄၀၅ နှင့် (၂၄-၇-၂၀၂၀)ရက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီး(၄)နှစ်အရွယ် သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ကိုရဲလင်းသန့်နှင့် မယွန်းနွယ်ဝေ တို့သည် ဆက်လက်ပေါင်းသင်း နေထိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် အစ္စလာမ့်တရားတော်နှင့်အညီ(၁-၁၂-၂၀၂၅) ရက်က သွလာက်(သွလာက်ကေ့ ဗာအင်န် အပြီးပြတ်စဲခြင်းသွလာက်)ပေး၍ တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ယခုကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ကိုရဲလင်းသန့်နှင့် မယွန်းနွယ်ဝေတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်းနှင့် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စရပ်များအား ကျန်တစ်ဦးမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိတော့ပါကြောင်း အများ သိစေရန် ထပ်ဆင့်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးချမ်းငြိမ်း(LL.B,LL.M)**
**အထက်တန်းရှေ့နေ၊ စဉ်-၄၂၂၅၁**
**မနော်ဟာရီလမ်း၊ ရွှေစည်းခုံရပ်၊ ရမည်းသင်းမြို့၊**
**ဖုန်း-၀၉- ၉၇၄၃၅၁၇၁၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးရပ်ကွက်၊ ဆောင်းသဇင်လမ်းနေ ဒေါ်စိုးသီရိ(၁၃/ သပန(နိုင်) ၀၆၈၁၆၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့မိတ်ဆွေ နှင့် ၎င်းမိသားစုဝင်များ၏ ပတ်ဝန်းကျင်နှင့် လူမှုကွန်ရက်များ၊ ဆိုရှယ်မီဒီယာများ၊ Facebook account များတွင် ၎င်းတို့နှင့်ပတ်သက်သည့် မမှန်ကန်သော သတင်းအချက်အလက်များ အခြေအမြစ်မရှိသော စွပ်စွဲချက်များနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အရေးအသားများရေးသားခြင်း၊ ဖြန့်ဝေနေခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နေသည်ဟု ကျွန်ုပ်တို့မိတ်ဆွေ၏ ပြောပြချက်အရ သိရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မိတ်ဆွေနှင့် ၎င်းမိသားစုဝင်များ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော၊စိတ်အနှောင့်အယှက် ဖြစ်စေသော၊ ခြိမ်းခြောက်ပြောဆိုမှုများနှင့် အသရေပျက်စေသော အပြုအမူကိစ္စရပ်များအားနှုတ်ဖြင့်သော်လည်းကောင်း၊စာဖြင့်သော်လည်းကောင်း၊ ရေးသားခြင်း၊ ပြောဆိုခြင်း၊ ဖြန့်ဝေခြင်းနှင့် ယင်းလုပ်ရပ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ မပြုလုပ်ရန်၊ မှတ်ချက်ပေးခြင်းများကိုလည်း လုံးဝမပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးရန်နှင့်ထပ်မံ၍ မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ လုပ်ရပ်များကို ဆက်လက်ပြုလုပ်နေပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးသီရိ** **ဒေါ်သီရိနွယ်(စဉ်-၁၃၄၅၅) ဒေါ်ဖြိုးဖြိုးသန့်(စဉ်-၂၀၀၁၄)**
**တရားလွှတ်တော်ရှေ့နေများ**
**(ဃ/၄)၊ လမ်းသွယ်(၁)၊ ထိန်ကုန်းရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉- ၄၃၁၈၂၅၂၈၊ ၀၉- ၄၀၂၇၆၆၀၆၂**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားမူပိုင်ခွင့် လျှောက်ထားပြီးကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉)လမ်း၊ အမှတ် (၄၀-မြေညီထပ်)နေ ဒေါ်ဝင်းပပ (၃/မဝတ (နိုင်) ၀၁၂၁၉၇) မှ အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၌ ကြက်လျှာစွန်းအမည်ဖြင့် လျှောက်ထားခဲ့ရာ Mark MM/T/2025/005389(၂၁-၁၁-၂၀၂၅) ရက်ဖြင့် တင်သွင်းလက်ခံရရှိထားခဲ့ပြီး ဖြစ်ပါသည်-

ကြက်လျှာစွန်း

**Mark MM/T/2025/005389**

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား rice pulp for culinary purposes ဒံပေါက်၊ rice-based snack food; batter mixes ထောပတ်ထမင်း၊ bean meal; sugar substitutes for culinary purposes; meat gravies; အထည်အလိပ်၊ သနပ်စုံ၊ အအေးမျိုးစုံတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချအသုံးပြု လျက်ရှိနေသည့်အပြင် အင်တာနက်လူမှုစာမျက်နှာ ကွန်ရက်၊ အင်စတာဂရမ်၊ တယ်လီဂရမ်၊ ဝက်ဆိုဒ်(Website)၊ Online တို့မှ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအားစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ခွင့် တင်သွင်းလျှောက်ထားခဲ့ပြီးဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်မှ သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်စုံတစ်ရာမှသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် မည်သည့်ပုံစံဖြင့်မဆိုမှိုငြမ်းကူးယူ တုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း လုံးဝ(လုံးဝ)မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာပါသည်။

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားပြုလုပ်ထုတ်လုပ်ရောင်းချခြင်းများ ပြုလုပ်ပါက ပြုလုပ်ရောင်းချသူအား တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းပပ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေပြည့်စုံ (ခ)ဒေါ်ပွင့် (LL.B,DBL,DIL) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၉၃)**
**အမှတ်-၅၅၊ အခန်း(၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၅၃၄၂၄၊ ၀၉-၇၆၅၀၅၃၄၂၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃-စီ)၊ မြေကွက်အမှတ် (၁၆၈)၊ ဧရိယာ(၀ဒသမ၀၃၁) ဧကရှိ ဂရန်ရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၆၈)၊ ပျားရည်ကုန်းလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သော နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးငြိမ်း ၁၂/မဂတ (နိုင်) ၀၃၃၉၇၈၊ ဒေါ်ဘေဘီ (ခ) ဒေါ်အေးအေးသိန်း ၁၂/မဂတ(နိုင်) ၀၃၄၆၆၈၊ ဒေါ်မာလာ ၁၂/မဂတ(နိုင်) ၀၃၄၆၆၇၊ ဒေါ်နီနီအေး ၁၂/မဂတ(နိုင်) ၀၃၄၅၇၇နှင့် မြေကွက်လက်ရှိဖြစ်သူ ဒေါ်ခင်ခင်ကြည် ၁၂/တမန (နိုင်) ၀၀၆၂၀၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှထွန်း ၁၀/ပမန(နိုင်) ၀၉၃၇၅၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၄၉)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၆၉၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ တိုက်အမှတ် ၇၀၊ အခန်းအမှတ် ၃၀၂၊ (၄-လွှာ)၊ မြေညီမှ စရေတွက်လျှင် (၄-လွှာ)၊ အကျယ်အဝန်း (၁၅ပေx ၅၃ပေ) အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်စာချုပ်စာတမ်းဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဦးဝင်းတင်အောင် (၄/ ပလဝ(နိုင်)၀၃၀၄၆၉)က ယခုရောင်းချသည့် တိုက်ခန်းမှာ အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းကြောင်း မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း တာဝန်ယူ ဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်သီဟ (၁၂/ဗတထ(နိုင်)၀၀၁၈၆၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်ရက်အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုမိုကို(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉)**
**အမှတ်(၂၃)၊ သုံးမြှောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၇၈၁၆၈၅၀၄၉**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ ဗိုလ်ရှဲလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁(ဘီ-၁)၊ ဒုတိယတန်းစားမြေ၊ မြေကွက်အမှတ်(၈)၊ အတိုင်းအတာ(ပေ ၆၀ x ၃၃ ပေ ၄ လက်မ)ရှိ မြေပိုင်မြေကွက်၏ မခွဲမစိတ်ရသေးသော(မြောက်ဘက်ခြမ်း)မြေကွက်၏ ထက်ဝက်ဝေစုဖြစ်သည့်-အမှတ်(၂၇)၊ အလယ်သုံးပုံတစ်ပုံ၊ အကျယ်အဝန်း(ပေ ၆၀ x ၁၆ ပေ ၇ လက်မ)ရှိ ဒေါ်ဝင်းဝင်းကြည်(၁၂/လသန(နိုင်)၀၀၇၅၃၄)အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ ဗိုလ်ရှဲလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁(ဘီ-၁)၊ ဒုတိယတန်းစားမြေ၊ မြေကွက်အမှတ်(၈)၊ အတိုင်းအတာ(ပေ ၆၀ x ၃၃ ပေ ၄ လက်မ)ရှိ မြေပိုင်မြေကွက်၏ မခွဲမစိတ်ရသေးသော(တောင်ဘက်ခြမ်း)မြေကွက်၏ ထက်ဝက်ဝေစုဖြစ်သည့်-အမှတ် (၂၅)၊ အလယ်သုံးပုံတစ်ပုံ၊ အကျယ် အဝန်း(ပေ ၆၀ x ၁၆ ပေ ၇ လက်မ)ရှိ ဦးကြည်ဝင်း(၁၂/လသန(နိုင်)၀၁၉၃၃၁) အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို-

၎င်းတို့၏ကိုယ်စား ရောင်းချပေးသူ ဦးတင်ရှိန်(၁၂/လသန(နိုင်)၀၀၇၅၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးနိုင် LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)**
**အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၂၅၀ ၂၉၀ ၇၈၁**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ မင်းမဟော်လမ်းနေ (ဘ)ဦးကျော်စွာထက်၏သမီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သမိုင်းမေဂျာဌာနတွင် တက်ရောက်ခဲ့သော မမေမြတ်နိုးဦး၏ အမည်မှန်မှာ မမေမြတ်နိုး ၁၂/ကမတ(နိုင်)၀၈၆၅၉၅ ဖြစ်ပါကြောင်း။

**မမေမြတ်နိုး**

## ဖခင်အမည်မှန်

ကြံခင်းမြို့၊ ဆုံလဲအုပ်စု၊ အ.ထ.က ဆိပ်သာ G-7(A)မှ မသိမ့်နေခြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးနေအောင်(ခ) ဦးနန်းဝင်း ၈/ရစက(နိုင်)၁၆၅၄၅၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/3054 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/7766 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## In the Matter of Voluntary Winding Up subject to the Insolvency Law

## TUN TAUK COMPANY LIMITED

**(ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း)**

(က) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၉ ရက်တွင်ကျင်းပပြုလုပ်သော ကုမ္ပဏီတွင် ပါဝင်သူများ၏ အထူးအထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်-

(၁) TUN TAUK COMPANY LIMITED" အား ၂၉-၁၂-၂၀၂၅ ရက်မှစ၍ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည်ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများခွဲဝေရန်အတွက် ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် - ၁၀၁၄၆၀ အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ကြပါသည်။

(ခ) "TUN TAUK COMPANY LIMITED" မှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ဦးအီနုတ်(တရားလွှတ်တော်ရှေ့နေ)**

**LL.B(September 1986) Advocate (11.07.1990)**

**အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅**

**ဒေါ်ချစ်ဟေမာန်ပွင့်ဝေ (မန်နေဂျင်းဒါရိုက်တာ)**

**"TUN TAUK COMPANY LIMITED"**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၇၈၀၉၉ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၆၁၀-ဘီ၊ ၆၁၁)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဗိုလ်မှူးခင်မောင်ဝင်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၈/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ဇောလင်း ၉/သစန(နိုင်)၀၉၄၅၅၁ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်နီနီရှိန်(ဘ)ဦးကျော်ရှိန် ၉/မထလ(နိုင်) ၀၉၀၃၁၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်။

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉(ဘီ)၊ မြေကွက်အမှတ်- ၉၅စီ/၄.၂၊ ဧရိယာ-၀.၄၁၅ဧကအကျယ်အဝန်းရှိ ဂရန်ရှိမြေပိုင်မြေကွက်ကြီးအနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသည့် အနောက်မြောက်ဘက်ခြမ်းဧရိယာ-မျက်နှာစာ ၅၀'၊ နောက်ပိတ် ၅၄. ၆'၊ ဘေးနှစ်ဘက်အရှိအတိုင်းခွဲစိတ်မည့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်-၃၆၁ (A) ဟုခေါ်တွင်သည့် ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးအာရွတ်(၁၂/စခန(နိုင်)၀၅၇၃၁၆၈)၊ ဦးအင်မာရန်ဂျမားလ်(၁၂/စခန(နိုင်)၀၄၃၉၀၈)နှင့် ဦးဝါဟာစ်ဂျမားလ်(၁၂/စခန(နိုင်)၀၄၃၉၀၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ညွှန်ကြားချက်အရ**

**သင်းကြူစိုး LL.B., LL.M.**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)**

**ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/26273 New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို၉/မတရ(နိုင်)၁၄၈၂၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Estate တွင် တည်ရှိသည့် Estella Town Houses ၊ အိမ်မြေအမျိုးအစား Landed House ၊ လမ်းအမည် Lane (3)၊ မြေနှင့်အဆောက်အဦးအမှတ်- ETH- 140 (A)၊ ခန့်မှန်းခြေဧရိယာ (၁၂၁၀) စတုရန်းပေနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဲဆုမြတ် ၁၂/အလန(နိုင်)၀၄၃၀၂၆ မှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကေခိုင်ဝင့် (ခ) ဒေါ်အာကာဝင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၈၈/၁၁-၇-၂၀၁၉)**

**အမှတ်-၆၊ ကမ်းနားလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၇၇၉၉၃၃၆၀၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၈၅

| | | |
|---|---|---|
| ၁။ဒေါ်လီလီထွေး | နှင့် | ၁။ ဦးဇော်လင်းဦး |
| ၂။ ဒေါ်ခင်နွယ်ဦး | | ၂။ ဒေါ်ခင်ယင်းမာ |
| (တရားလိုများ) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆/B) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၁၅ နေ ဦးဇော်လင်းဦးနှင့် ဒေါ်ခင်ယင်းမာ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်မည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ အမှတ် (၁၅၃) တွင် နေထိုင်သူ ဦးသန်းထိုက်ဦး (ဘ) ဦးချော ၉/ကပတ(နိုင်)၁၇၁၀၅၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းထိုက်ဦးသည် Myanmar Kaido Co.,Ltd ထံမှ Brand New Kobelco Hydraulic Excavator အား အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ပြီး ယနေ့အချိန်တွင် ငွေအကျေပေးသွင်း ပေးချေခဲ့ပြီးဖြစ်ကာ ဦးသန်းထိုက်ဦး တစ်ဦးတည်းက လက်ရှိထား လက်ရောက်ရယူ ပိုင်ဆိုင်ခြင်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသန်းထိုက်ဦး** | **ဦးနန်းဦး LL.B** |
| **၉/ကပတ(နိုင်)၁၇၁၀၅၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၃၄/၂၀၁၉)** |
| | **အောင်မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့** |
| | **၀၉-၄၀၀၅၀၂၆၈၁** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ သီရိကျော်စွာလမ်း၊ အမှတ်(၀၉-အေ)တွင် ဖွင့်လှစ်ထားသည့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်ခွဲ)မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်တွင် နေထိုင်သူ ဒေါ်အေးအေးသန့် ၉/မခန(နိုင်)၁၃၃၂၆၇ သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်/အမည်-၁/အောင်ဇမ္ဗူ၊ မဟာသီရိလမ်းရှိ မြေကွက်အမှတ်(၃၄၉)၏ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များအား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ဇမ္ဗူသီရိဘဏ်ခွဲ) တွင် အာမခံတင်သွင်း၍ ကာလသတ်မှတ်ချက်ချေးငွေအား ချေးယူခဲ့ပါသည်။

ဒေါ်အေးအေးသန့် သည် ၂၇-၉-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်းနှင့် ဘဏ်ချေးငွေ အရင်းအတိုးငွေများအား ၂၆-၁၁-၂၀၂၅ ရက်တွင် ပြေကျေစွာ ပေးဆပ်ပြီးဖြစ်ပါ၍ ဘဏ်သို့ အာမခံတင်သွင်းထားရှိသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များအား ထုတ်ယူခွင့်ပြုပါရန် မိခင်ဖြစ်သူ ဒေါ်အေးမ ၉/မခန(နိုင်)၀၆၃၄၃၄ နှင့် ညီမဖြစ်သူ ဒေါ်အေးအေးမြင့် ၉/မခန(နိုင်)၁၆၃၂၈၅ တို့မှ တင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း တရားဝင်ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဘဏ်သို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မှုမရှိပါက ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ဇမ္ဗူသီရိဘဏ်ခွဲ)**

**အမှတ်(အေ-၀၉)၊ သီရိရတနာအဆင့်မြင့်ဈေး၊**

**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

**ဖုန်း-၀၆၇-၄၂၂၅၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉/သုဝဏ္ဏ)၊ လူနေရပ်ကွက် (ရွှေဝါဆန်)၊ မြေကွက်အမှတ် - ၂၅၁၊ အကျယ်အဝန်း စတုရန်းပေ (၃၂၀၇)၊ ဧရိယာ ၀ ဒသမ ၀၇၄ ဧကရှိ နှစ် (၆၀) ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ ဆောက်လုပ်ဆဲဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးသက်ထင်ဦး ၇/ပခန(နိုင်)၀၇၂၅၇၂ နှင့် ဒေါ်သင်းသင်း ၇/ပခန(နိုင်) ၀၁၆၉၃၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင်အရောင်းအဝယ် အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အအရ-**

**ဦးကျော်စွာထွဋ် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၀၁) (၂၇-၇-၂၀၁၇)**

**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

အမှတ် (၁၇၂)၊ သီရိရတနာအဆင့်မြင့်ဈေး၊ သီရိအနော်ရထာ (၁၇) လမ်း၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်တွင်ဖွင့်လှစ်ထားသော Won Won & D Print Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၅၃၁၉၀၂၅) သည် ၂၉-၁၂-၂၀၂၅ ရက်တွင် ကျင်းပသည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် ၅၀၀၀ (တန်းဖိုးကျပ်သိန်း ၅၀၀၀) မှ အစုရှယ်ယာအရေအတွက် ၅၀၀ (တန်ဖိုးကျပ်သိန်း-၅၀၀)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Won Won & D Print Co.,Ltd (ဒါရိုက်တာအဖွဲ့)**

## အထူးဝမ်းမြောက်စွာ ဂုဏ်ပြုခြင်း

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ အတွင်းရေးမှူး မြန်မာနိုင်ငံ သံနှင့်သံမဏိလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဦး** အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ (လွတ်လပ်ရေးနေ့)တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချီးမြှင့်အပ်နှံထားသော **ဝန်ဆောင်စီးပွား ထူးချွန်တံဆိပ် (တတိယဆင့်)** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် NDCG ဒါရိုက်တာအဖွဲ့မှ အထူးဝမ်းမြောက်စွာ ဂုဏ်ယူအပ်ပါကြောင်းနှင့် နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်သယ်ဆောင်ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ ဦးရွှေကြိုင် နှင့် ဒါရိုက်တာအဖွဲ့**

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် (NDCG)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် (၅၁) ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျား (၆၀) ပေ x အနံ (၅၀) ပေမြေကွက် အနက်မှ (ခြေရင်းဘက်ခြမ်း) ရှိ အလျား (၆၀) ပေ x အနံ (၂၅) ပေမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မောင်မိုးဇော်ဒွန်း ၁၂/ဒဂရ (နိုင်) ၀၅၀၇၄၃ မှ ၁၈-၁-၂၀၂၅ ရက်စွဲပါ မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးအပ်ခြင်း ကတိစာချုပ်အရလက်ရှိထား နေထိုင်ပိုင်ဆိုင်သော အိမ်ခြံမြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်းနှင့် မောင်မိုးဇော်ဒွန်း တစ်ဦးတည်းသာလျှင် အဆိုပါအိမ်ခြံမြေကွက်၏ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အုံးအုံး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၁၀၆)**

**ရှေ့နေများနားနေခန်း၊စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း - ၀၉ -၄၅၅၈၇၇၂၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၄) လမ်း၊ အမှတ်(၃၅) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅x၂၅)ပေ ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ရေ၊ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဒေါ်အေးအေးမော် ၁၂/အစန(နိုင်)၀၉၆၅၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိခိုင် ၁၂/အစန(နိုင်)၂၃၈၁၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရီလေးမော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၀၇)**

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်**

**ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ညောင်ကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၆၁၉/မွေပါလ)၊ ဦးပိုင်အမှတ်(၁၉) ၊ မြေကွက်အမှတ် (၁)၊ ဧရိယာ(၀.၀၇၂)ဧကရှိပိုင်းမြေကွက်သည် ဒေါ်ခင်ချိုမာ ၉/မထလ(နိုင်)၁၈၂၆၉၆ အမည်ပေါက်ယာမြေကွက် ဖြစ်ပါသည်။ ၎င်းယာမြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း တစ်စိတ်တစ်ပိုင်းဖြစ်သော အရှေ့လားသော်- ဒေါ်ချိုချိုမြင့်ယာမြေ၊ အနောက်လားသော်- ဒေါ်အေးမွန်မြတ်ခိုင်ယာမြေ ၊ တောင်လားသော်- ဦးစံဝင်း ယာမြေ၊ မြောက်လားသော်- ရန်ကုန်- မန္တလေး ကားလမ်းဟောင်း၊ ၎င်းအလား (၄)ရပ်အတွင်းရှိ မျက်နှာစာ (အရှေ့- အနောက်)၁၅၅ပေ၊ ကျောဘက်ခြမ်း(အရှေ့-အနောက်) ၁၄၆ပေ၊ အရှေ့ဘက် ခြမ်း(တောင်-မြောက်) ၂၂၀ပေ၊ အနောက်ဘက်ခြမ်း(တောင်-မြောက်)၁၅၆ပေ အကျယ်ရှိယာမြေကွက်အတွင်း(၃x ၃)ပင်ပတ်လည် နံကပ်တိုက်အဆောက်အဦး (၁)လုံး၊ အဝီစိတွင်း (၁) တွင်း တို့ပါရှိသော ယာမြေကွက်အား ယခုလက်ရှိလက်ရောက်ပိုင်ဆိုင်သူ ဦးအောင်အောင်ဦး ၁၂/ရကန(နိုင်)၀၀၄၂၀၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မျိုးလွင် ၉/ပမန(နိုင်)၁၂၆၂၄၀ မှ ကာလတန်ဖိုးတစ်ရပ်ဖြင့် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ရာ ၎င်းယာမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်မျိုးလွင်** | **ဦးဇော်အောင်လွင် LL.B** |
| **၉/ပမန(နိုင်)၁၂၆၂၄၀** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၆၇၆၆(၂၁-၁၂-၂၀၂၀)** |
| | **မဟာစ(၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊** |
| | **မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့။** |
| | **(ဖုန်း) ၀၉- ၄၄၂၂၀၀၃၅၃** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့နယ်၊ ထန်းပေါက်ကျေးရွာနေ ဦးမိုးမြင့်သူ ၁၂/မရက (နိုင်) ၁၃၉၁၄၉ နှင့် ဒေါ်နန္ဒာ ၁၂/ကမရ(နိုင်) ၀၅၆၂၈၇ တို့၏သား မောင်ဂျွန်မိုးသား ၁၂/ ကမရ(နိုင်) ၀၇၄၇၀၂ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘဆွေမျိုးသားချင်းများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးမြင့်သူ - ဒေါ်နန္ဒာ**

# ပဲခူးတက္ကသိုလ်

## (၁၂)ကြိမ်မြောက်(နေ့)သင်တန်းနှင့် (အဝေးသင် သင်တန်းများ)၏ ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ပဲခူးတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (နေ့သင်တန်း)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များနှင့် ၂၀၂၅ ပညာသင်နှစ်၊ (အဝေးသင် သင်တန်း)များ၏ ဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် ၃-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**(၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်(နေ့သင်တန်း)**

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ ၊ သမိုင်း | ၆-၂-၂၀၂၆ | ၇-၂-၂၀၂၆ |
| မဟာသိပ္ပံဘွဲ့ | သတ္တဗေဒ၊ ရုက္ခဗေဒ | (သောကြာနေ့) | (စနေနေ့) |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ ၊ သမိုင်း | နံနက် ၈:၃၀နာရီ | နံနက် ၉:၀၀နာရီ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ ရုက္ခဗေဒ | ခန်းမ(အရှေ့ခြမ်း) | ပ-နံနက် |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ ၊ သမိုင်း၊ အရှေ့တိုင်းပညာ | | |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ ရုက္ခဗေဒ | | |

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | ၆-၂-၂၀၂၆ | ၇-၂-၂၀၂၆ |
| မဟာသိပ္ပံဘွဲ့ | ဓါတုဗေဒ | (သောကြာနေ့) | (စနေနေ့) |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓါတုဗေဒ၊ ဘူမိဗေဒ | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၂:၀၀နာရီ |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ | ခန်းမ(အနောက်ခြမ်း) | ပ-ညနေ |
| သိပ္ပံရိုးရိုးဘွဲ့ | ဓါတုဗေဒ၊ သင်္ချာ၊ ဘူမိဗေဒ | | |

**စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင် (အဝေးသင် သင်တန်း)**

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(စမ-၁မှ၁၀၁) | ၈-၂-၂၀၂၆ | ၉-၂-၂၀၂၆ |
| | အင်္ဂလိပ်စာ | (တနင်္ဂနွေနေ့) | (တနင်္လာနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ | နံနက် ၈:၃၀နာရီ | နံနက် ၈:၃၀နာရီ |
| | | ခန်းမ(အရှေ့ခြမ်း) | ပ-နံနက် |

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(စမ-၁၀၂ မှ၂၀၇) | ၈-၂-၂၀၂၆ | ၉-၂-၂၀၂၆ |
| | သမိုင်း(စသ-၁ မှ ၁၀၄) | (တနင်္ဂနွေနေ့) | (တနင်္လာနေ့) |
| | အရှေ့တိုင်းပညာ | နံနက် ၈:၃၀နာရီ | မွန်းတည့်၁၂:၀၀နာရီ |
| သိပ္ပံရိုးရိုးဘွဲ့ | သင်္ချာ | ခန်းမ(အလယ်) | ပ-နေ့လယ် |

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(စမ-၂၀၈ မှ၂၇၃) | ၈-၂-၂၀၂၆ | ၉-၂-၂၀၂၆ |
| | သမိုင်း(စသ-၁၀၅ မှ ၂၁၂) | (တနင်္ဂနွေနေ့) | (တနင်္လာနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | ဓာတုဗေဒ၊ ရုက္ခဗေဒ | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၃:၀၀နာရီ |
| | | ခန်းမ(အနောက်ခြမ်း) | ပ-ညနေ |

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | သမိုင်း(စသ-၂၁၃မှ ၃၃၂) | ၈-၂-၂၀၂၆ | ၁၀-၂-၂၀၂၆ |
| | ပထဝီဝင်၊ ဒဿနိကဗေဒ(၂၀၂၀) | (တနင်္ဂနွေနေ့) | (အင်္ဂါနေ့) |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ(၂၀၂၀) | မွန်းလွဲ ၂:၀၀နာရီ | နံနက် ၈:၃၀နာရီ |
| | | ခန်းမ(အရှေ့ခြမ်း) | ဒု- နံနက် |

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | သမိုင်း(စသ-၁ မှ ၁၀၆) (၂၀၂၀) | ၈-၂-၂၀၂၆ | ၁၀-၂-၂၀၂၆ |
| | အင်္ဂလိပ်စာ(၂၀၂၀) | (တနင်္ဂနွေနေ့) | (အင်္ဂါနေ့) |
| | ဒဿနိကဗေဒ(၂၀၁၉) | မွန်းလွဲ ၂:၀၀နာရီ | မွန်းတည့်၁၂:၀၀နာရီ |
| သိပ္ပံရိုးရိုးဘွဲ့ | သင်္ချာ(၂၀၂၀) | ခန်းမ(အလယ်) | ဒု- နေ့လယ် |
| | သတ္တဗေဒ(၂၀၁၉) | | |

| **အတန်း** | **အထူးပြု** | **အစမ်းလေ့ကျင့်ရက်** | **ဘွဲ့နှင်းသဘင်ရက်** |
|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၂၀၂၀) | ၈-၂-၂၀၂၆ | ၁၀-၂-၂၀၂၆ |
| | သမိုင်း(စသ-၁၀၇ မှ ၁၅၅) (၂၀၂၀) | (တနင်္ဂနွေနေ့) | (အင်္ဂါနေ့) |
| | ပထဝီဝင်(၂၀၂၀) | မွန်းလွဲ ၂:၀၀နာရီ | မွန်းလွဲ ၃:၀၀နာရီ |
| | အရှေ့တိုင်းပညာ(၂၀၂၀) | ခန်းမ(အနောက်ခြမ်း) | ဒု- ညနေ |
| သိပ္ပံရိုးရိုးဘွဲ့ | ဓာတုဗေဒ(၂၀၂၀) | | |
| | သတ္တဗေဒ(၂၀၂၀) | | |
| | ရုက္ခဗေဒ(၂၀၂၀) | | |

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ကြရမည်။(အဆိုပါအစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို နေ့သင်တန်းများသည် ၃-၂-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက်(၉:၃၀) နာရီမှ စတင်၍ ပဲခူးတက္ကသိုလ်(သင်တန်းရေးရာဌာန)တွင် ထုတ်ပေးပါမည်။(အဝေးသင် သင်တန်း)များကို ၅-၂-၂၀၂၆ ရက် (ကြာသပတေးနေ့) နံနက်(၉:၃၀) နာရီမှစတင်၍ ပဲခူးတက္ကသိုလ် (အဝေးသင်ဌာန) တွင် ထုတ်ပေးပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတက္ကသိုလ်(သင်တန်းရေးရာဌာန) ၏ ဖုန်း-၀၉-၆၉၇၆၃၀၉၂၉၊ ၀၉ ၂၅၂၀၀၇၃၂၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာဌာန**
**ပဲခူးတက္ကသိုလ်**

## အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃) ရပ်ကွက်၊ တိုးချဲ့ စံပြ(၃)လမ်းတွင် နေထိုင်သော (ဘ) ဦးသီဟဇော် ၁၄/ ပသန(နိုင်)၁၇၆၀၉၉ ၏ သားဖြစ်သူ မောင်သြသုတ အား ယနေ့မှစ၍ မောင်သည်သီဟ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သည်သီဟ**

## အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃) ရပ်ကွက်၊ တိုးချဲ့စံပြ(၃)လမ်းတွင် နေထိုင်သော (ဘ) ဦးသီဟဇော် ၁၄/ ပသန(နိုင်)၁၇၆၀၉၉ ၏ သားဖြစ်သူ မောင်သေ့ခ အား ယနေ့မှစ၍ မောင်ဖြိုးဒီပ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးဒီပ**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာ ရပ်ကွက်နေ ဦးမြင့်လွင်၏ သမီး မစိုးသီရိကျော် ၁၃/ကတန(နိုင်) ၁၇၃၄၁၀ ၏ မွေးသက္ကရာဇ် အမှန်မှာ ၈-၆-၂၀၀၀ ပြည့်နှစ် ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

## တင်ဒါအမှတ်စဉ်[ ၃(ပစ)/၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ(၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်)တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေများဖြင့် မုံရွာခရိုင်၊ ဟုမ္မလင်းခရိုင်နှင့် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)တို့မှ ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၁၉-၁-၂၀၂၆ရက်(ရုံးချိန်အတွင်း)

(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - ၂၆-၁-၂၀၂၆ရက်၊ ညနေ(၁၆:၀၀)နာရီထိ

(ဂ) တင်ဒါအာမခံကြေး(PO Cheque)- တင်သွင်းရမည့်ရက်/အချိန် - ၂၇-၁-၂၀၂၆ရက်၊ ညနေ(၁၆:၀၀)နာရီထိ

(ဃ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့် နေ့ရက် - ထပ်မံကြေညာပါမည်။

(င) အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာနှင့် နေ့ရက် - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်-၀၉- ၄၀၀၄၀၆၀၉၄ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/12508 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7578 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/08685, Honda PCX -150, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်ကလျာလှိုင် ၁၄/ပသရ(နိုင်)၁၁၄၅၃၈ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/37538, Honda Wave -100, M/C ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းထွန်းနိုင် ၁၄/အမန(နိုင်)၁၂၃၈၆၄ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အများသိစေရန် အသိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အိမ်အမှတ်(ဂ/၉၃) နေ MMK (MEGA MOBILE KING)ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်၏ ဦးစီးဆောင်ရွက်နေသူ ဒေါ်နီလာဝင်း ၁၂/ ရကန(နိုင်) ၀၆၃၅၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်နီလာဝင်းသည် "MMK (MEGA MOBILE KING) အမည်ရှိ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသား" အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး (၂-၁၀-၂၀၁၂)ရက်စွဲပါ စာချုပ်အမှတ်(၄/၁၁၅၆၈-၄၅၂၀) ဖြင့် မိမိတစ်ဦးတည်း အမည်နှင့် တရားဝင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ပါ "MMK (MEGA MOBILE KING)" ဖုန်းဆိုင်နှင့် လုပ်ငန်းအဝဝသည် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်နီလာဝင်း တစ်ဦးတည်းသော ဦးစီးဆောင်ရွက်နေသော လုပ်ငန်းဖြစ်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်သော စီမံခန့်ခွဲမှု၊ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာ ကိစ္စများကို ညွှန်ကြားခွင့်အားလုံးသည် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်နီလာဝင်း တစ်ဦးတည်းထံတွင်သာ ရှိပါသည်။

ယနေ့မှစ၍ ဆိုင်လုပ်ငန်းအမည်ကို အသုံးပြု၍ ဖြစ်စေ၊ ဆိုင်နှင့်ပတ်သက်၍ဖြစ်စေ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ (မိသားစုဝင်အပါအဝင်) ကျွန်မအား လွှဲအပ်ညွှန်ကြားသူ ဒေါ်နီလာဝင်း၏ စာဖြင့် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ လုပ်ငန်းအမည်ကို အသုံးပြု၍ ငွေကြေးချေးငှားခြင်း၊ပစ္စည်းများအား ဝယ်ယူသည့်သဘောဖြင့် ငွေကြေးမပေးဘဲ ယူဆောင်သွားခြင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ အခြားအရှုပ်အရှင်းကိစ္စရပ်များ ပြုလုပ်ခြင်း၊ လုပ်ငန်းခွင်အတွင်းသို့ လာရောက်နှောင့်ယှက်ခြင်း၊ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ပစ္စည်းများအား အဓမ္မယူဆောင်ခြင်း၊ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာ ကိစ္စများကို ညွှန်ကြားခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန် တားမြစ်လိုက်သည်။

အကယ်၍ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်နီလာဝင်း၏ ခွင့်ပြုချက်မရှိဘဲ အထက်ပါ တားမြစ်ချက်များကို ကျူးလွန်ခဲ့ပါက ၎င်းကျူးလွန်သူနှင့်သာ တိုက်ရိုက်သက်ဆိုင်ပြီး ဒေါ်နီလာဝင်းနှင့် မသက်ဆိုင်ကြောင်း ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်နီလာဝင်းမှ တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ကျူးလွန်သူအား တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**MMK (MEGA MOBILE KING)ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်၏ ပိုင်ရှင်ဖြစ်သူ ဒေါ်နီလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်း(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၈၀၃(၃၁-၅-၂၀၁၆)**
**အိမ်အမှတ်-၅/၁၃၂၊ မနော်ဟရီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်၊ ဖုန်း-၀၉-၇၈၄၅၃၇၅၆၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၁၁၀)ကေရှိ ဦးအုန်းမြင့်(ဘ)ဦးငြိမ်း ၉/အမရ (နိုင်) ၀၁၆၆၁၀ အမည်ပေါက် မြေကွက်အမှတ် (ပ-၂၄၀၅၁)ကို ဒေါ်ဇင်မာအေး ၉/အမရ(နိုင်) ၁၁၉၆၄၈ နှင့် မေတ္တာဖြင့် အပိုင်ပေးကမ်းစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ပင်လောင်းကြီးကျေးရွာအုပ်စု၊ အမှတ်-၂ ပင်လောင်းကြီးအရှေ့ရပ်၊ ဦးပိုင်အမှတ် (၇၄)၊ မြေရေိယာ (၀.၁၁၄) ဧကရှိ (ဒေါ်နွေးနွေးမင်းလွင် အမည်ပေါက်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ် (လျှပ်စစ်မီတာ+ရေမော်တာ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိကဝတ်ပြုသူ ဒေါ်နွေးနွေးမင်းလွင်(၁၃/နစန(နိုင်)၀၂၇၀၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းညွှန့်ထွန်း ၁၂/ဗတထ(နိုင်) ၀၂၆၅၀၀က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အပါအဝင် အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးအောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၁၉) B.A,P.G.D.L.,D.B.L.,W.I.P.O(Switzerland)**
**အမှတ်(၅၈-၅၉)၊ (၇-လွှာ)၊ သံသုမာလမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၅၀၈၈၇၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ်(၈၁၃/ခ)၊ အိမ်အမှတ်(၁၁/ခ)၊ အကျယ်အဝန်း ပေ (၂၀ x ၆၀)ပေါ်တွင် ဆောက်လုပ်ထားသော (၁၈ ပေ x ၅၅ ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ ဒေါ်ကေသီသိန်း ၁၂/သဃက (နိုင်) ၁၆၆၇၁၂ က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦး သန်းဝင်း ၁၂/သဃက(နိုင်) ၀၈၉၃၈၂ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဝေလွင် (LL.B,D.I.L,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၁၀/၂၁)**
**အမှတ်(၁၄၈/က)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၄၈၈၇၊ ၀၉-၂၅၉၃၁၈၄၁၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ညောင်လေးပင်မြို့မ (၅) ရပ်ကွက်၊ ရပ်(၅) ရွာမမြောက်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေကွက်အမှတ် (၁၈၁)၊ ဧရိယာ (၀.၁၂၅၀) ဧကအား လီချင်တီ(ခ)ဒေါ်ချိန်တီမှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ပြွန်တန်ဆာ မြို့မ (၂)ရပ်ကွက်၊ ရပ် (၈)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၁၃၈)၊ မြေကွက်အမှတ်($28$ ၊ $26^{C}$)၊ ဧရိယာ (၀.၀၅၀၈) ဧကအား ဒေါ်ဌေးဌေးညွန့်မှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ညောင်လေးပင် မြို့မ (၅) ရပ်ကွက်၊ ရပ်(၅) ရွာမမြောက်ကျောင်းရပ်၊ ဦးပိုင်အမှတ်(၁၂၄$^{ခ}$/၁)၊ မြေကွက်အမှတ် (၁၄၆$^{C}$)၊ ဧရိယာ (၀.၁၃၈) ဧကအား လီချင်တီ(ခ)ဒေါ်ချိန်တီမှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ပြွန်တန်ဆာ မြို့မ (၂) ရပ်ကွက်၊ ရပ်(၈)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၇၇$^{ခ}$)၊ မြေကွက်အမှတ် ($26^{B}$ ၊ $27^{B}$)၊ ဧရိယာ (၀.၀၄၅၇) ဧကအား ဒေါ်ဌေးဌေးညွန့်မှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့် ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၉၉

မန်းမေတ္တာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် Mann Myittar Trading Company Limited(၎င်း၏ ကိုယ်စား ကုမ္ပဏီ၏မန်နေးဂျင်း ဒါရိုက်တာ ဒေါ်အေးကြည်စမ်း)
(တရားလို)
နှင့် ဒေါ်စန်းစန်းထွေး(ခ)ဒေါ်စုစုခိုင်
(တရားပြိုင်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာအုပ်စု၊ စပါးတောင်ပတ်လမ်း၊ ဝမော်ကျေးရွာနေ ဒေါ်စန်းစန်းထွေး(ခ)ဒေါ်စုစုခိုင် (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားပြိုင်အလွဲသုံးစား ပြုလုပ်ခဲ့သည့် တရားလို ကုမ္ပဏီပိုင်ငွေကျပ် ၈၈၃၉၅၂၈၀၃ (ကျပ်ရှစ်ထောင်ရှစ်ရာသုံးဆယ့်ကိုးသိန်းငါး သောင်းနှစ်ထောင်ရှစ်ရာသုံးကျပ်တိတိ)အား တရားပြိုင်မှ တရားလို ကုမ္ပဏီသို့ ပြန်လည်ပေးအပ်စေလိုမှု " ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍
## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၉၇၀)ဟု ခေါ်တွင်သော အလျားပေ(၄၀)x အနံပေ (၆၀)ရှိ မြေကွက်သည် အရာခံဗိုလ် ခင်မောင်တင့် အမည်ပေါက် ပါမစ်မြေ ဖြစ်ပြီး ယင်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဒေါ်ခင်ခင်ထွေး (၁၂/သဃက(နိုင်)၁၇၄၂၁၉)မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်ထွေး (၁၂/အစန(နိုင်)၀၇၀၆၆၄)က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်သည့်ရက်ကျော်လွန်ပါက ဤမြေကွက်အရောင်းအဝယ်ကို အပြီးငွေချေ ဝယ်ယူရန်အတွက် တရားဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်စုစုအောင်(LL.B)** | **ဒေါ်သဲသဲမွန်(LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ (LL.B)** |
| **(စဥ်-၁၃၄၉၈/၂၀၁၇)** | **(စဥ်-၁၀၈၆၄/၂၀၁၆)** | **(စဥ်-၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ် (၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ Eco Green City အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ်(၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈) တို့အား အမည်ပေါက် 5 Mile Industrial Part and Logestic Hub Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်(127683751)မှ မြေချပါမစ်ဆောင်ရွက်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6S/1485 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/23822, Shinbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ကျော် ၅/စကန(နိုင်)၂၅၃၂၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ညောင်လေးပင်မြို့မ (၁) ရပ်ကွက်၊ ရပ်(၄)မတောက်တန်းရပ်၊ ဦးပိုင်အမှတ်(၂၂ᵉ)၊ မြေကွက်အမှတ်(၁၄၈ᶜ)၊ ဧရိယာ (၀.၁၁၀၂၁)ဧကအား ဦးကျော်လွင်မှ အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

